


# အခေးခန်းမှနေရာကျမယ်

ဟောကြားသည့်နေ့

(၂၉-၅-၆၂)

၈၈

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ် (၁၀) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

THITSARPARAMI LIBRARY
Date ........................

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားသော တရားတော်

# အစေးခန်းမှ နေရာကျမယ်

ဟောကြားသည့်နေ့

(၂၉-၅-၆၂)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား အမှတ်စဉ် (၁၀) မှ
ထုတ်နုတ် ပုံနှိပ်ပါသည်။

SASARPARANT LIBRARY
Date ............

မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏
မူပိုင်ဖြစ်သည်။

**မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။**

စာမူခွင့်ပြုချက် အမှတ် ၆၈၇/၉၇ (၈)
မျက်နှာဖုံးခွင့်ပြုချက် ၂၉၃/၉၇ (၈)
အုပ်ရေ - ၃၀၀၀

ထုတ်ဝေသူ - ဦးအောင်ချို (မြ-၀၈၃၁)၊
မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့ချုပ်၊ အမှတ် (၈၂)၊
နတ်မောက်လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးစိုးမြင့် (မြ-၀၅၃၆၉)၊
ကျားမင်းအော့ဖ်ဆက်၊ အမှတ် (၉၂)၊
ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

စာအုပ်ချုပ် - ကျားမင်း စာအုပ်ချုပ်လုပ်ငန်း၊ အမှတ် (၉၂)၊
ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၂၄၆၅၀၈ - ၅၃၂၉၅၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားသော တရားတော်

# အစေးခန်းမှ နေရာကျမယ်

ဟောကြားသည့်နေ့
(၂၉-၅-၆၂)

ကိလေသာအစေးတွေ ရှိနေတယ်လို့ သေသေချာချာ မှတ်ပါ၊ အဲဒီ ကိလေသာအစေးတွေ ရှိနေတော့ ညောင်ပင် ဓားနဲ့ခုတ်လိုက်တဲ့အခါကျတော့ အဲဒါတွေ ဘာတွေတုံးလို့ မေးတဲ့ အခါကျမှ ဩော်...ဒါတွေဟာ ဝမ်းထဲမှာရှိတဲ့ အနုသယ ကိန်းနေတဲ့ အစေးတွေထွက်သလို ဟိုက သား တည်း ဟူသော အဆင်းနဲ့ မျက်နှာကလေးညိုလာတဲ့ သားအဆင်းနဲ့ အမေနဲ့ သွားတိုက်လိုက်တယ်၊ အမေ့မျက်လုံးနဲ့ သွားတိုက် လိုက်တယ်၊ ထိတ်ခနဲဆိုပြီး ကိလေသာဟာ ဒေါသကိလေ သာ ထ,လာတယ်...။ (မှန်ပါ့)။

**အာရုံသည် ဓားမ,နဲ့တူတယ်**

ဒါဖြင့် အာရုံသည် ဓားမ,နဲ့ တူတယ်နော်...။ (မှန်ပါ့)၊ ဒီက ထိတ်ခနဲဆိုလို့ရှိရင် ရင်ထဲမှာ ဟိုက်ခနဲ ဖိုခနဲ သွားတာက အစေးထွက်တာနဲ့ တူတယ်...။ (မှန်ပါ့ဘုရား)၊ ရှင်းကြ ပလား...။ (ရှင်းပါပြီ)။

ဒါ နဂိုက ရှိနှင့်သလား၊ ဟိုက ခုတ်မှ ထွက်သလား လို့ မေးကြည့်စမ်းပါ...။ (ခုတ်မှ ထွက်ပါတယ် ဘုရား)၊ ခုတ်မှ ထွက်တယ်လို့ မှတ်ထားလိုက်တော့ ရှင်းတယ်နော်...။ (မှန်ပါ့)။

ဩော်...ဒီ အစေးသည်ကားလို့ ဆိုလို့ ရှိရင်ဖြင့် ညောင်ပင်မှာရှိတဲ့ အစေး မခုတ်ခင်က သူ့အလိုလို ထွက်နေတယ်ဆိုတာကော ရှာမှရှားပါလိမ့်မယ်...။ (မှန်ပါ့)။

ခုတ်လိုက်တဲ့အခါကျတော့...(ထွက်ပါတယ်ဘုရား)။

ထွက်လာတယ်တဲ့၊ ဒီမှာလဲ ဒကာ ဒကာမတွေမှာ ဘယ်လို မှတ်ရမတုံးလို့ မေးတဲ့အခါကျတော့ မျက်လုံးပေါက်က ကောင်းတဲ့ အာရုံနဲ့တွေ့လဲ ဖျတ်ခနဲဆို ဝမ်းသာတဲ့ လောဘ အစေးတွေ ထွက်လာတယ်...။ (မှန်ပါ့)။

မျက်လုံးနဲ့ကြည့်လိုက်တဲ့အခါကျတော့ မကောင်းတာ မြင်ရပြန်လဲ ဖျတ်ခနဲဆို စိုးရိမ်သောက ဗျာပါဒဖြစ်လာတဲ့ ဒေါသအစေးတွေ ထွက်လာတယ်...။ (မှန်ပါ့ဘုရား)၊ မထွက်ဘူးလား...။ (ထွက်ပါတယ်ဘုရား)။

**ဒီခန္ဓာကိုယ်ကြီးဟာ ညောင်ပင်နဲ့တူ**

ဒါဖြင့် ဒီ ခန္ဓာကိုယ်ကြီးဟာ အစေးထွက်တဲ့ အစေး အောင်းနေတဲ့ ညောင်ပင်နဲ့ မတူဘူးလား...။ (တူပါတယ် ဘုရား)။

မခုတ်ခင်က ထွက်သလား၊ ခုတ်မှ ထွက်သလားလို့ မေးရင်...(ခုတ်မှ ထွက်ပါတယ်ဘုရား)။

ဒါဖြင့် ဝမ်းထဲမှာရှိတဲ့ လောဘ, ဒေါသ, မောဟဟာ မရှိဘူးလို့ ဆိုကြမလား...၊ မခုတ်သေးလို့ မထွက်တာလို့ ဆိုကြမလား...။ (မခုတ်သေးလို့ မထွက်တာပါဘုရား)။

မခုတ်သေးလို့ မထွက်တာ၊ အဲဒါကြောင့် ဒကာ ဒကာမတွေက ဩော်...တို့သည်ကားလို့ ဆိုရင်ဖြင့် တော်တယ်–တော်တယ်လို့ ချီးမွမ်း မနေနဲ့၊ ဒီအစေးမခန်းသရွေ့ ကာလပတ်လုံး ခုတ်မည့်သူ ရှိရင် ထွက်နေမှာပဲ...။ (မှန်ပါ့)။

ခုတ်မည့်သူရှိရင်...(ထွက်နေမှာပါ ဘုရား)၊ ထွက်နေတာပဲဆိုတာ သေသေချာချာမှတ်ပါ။

အဲဒီတော့ ဒီခန္ဓာကိုယ်ကြီးထဲမှာသေသေချာချာစဉ်းစား ကြည့်ပါ၊ မျက်လုံးပေါက်ကနေပြီး ကောင်းတာနဲ့တွေ့လဲ အစေးထွက်လာတာပဲ၊ ဝမ်းသာတဲ့အစေးတွေ ထွက်မလာဘူး လား...။ (ထွက်လာပါတယ်ဘုရား)၊ မျက်လုံးပေါက်ကနေ ပြီး မကောင်းတဲ့အာရုံတွေနဲ့ တွေ့ပြန်ကော...(ထွက်ပါတယ်)၊ ဝမ်းနည်းတဲ့အစေးတွေ...(ထွက်ပါတယ်ဘုရား)၊ ထွက်လာ တာပဲဆိုတာ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် နားပေါက်ကနေ နေပြီး သကာလ အင်း... စစ်သံတဲ့ ဆိုရင် ထိတ်ခနဲလန့်ခနဲ မလန့်ဘူးလား...။ (လန့်

ပါတယ်)၊ ဒါဘာဖြစ်တာတုံး…။ (အစေးထွက်တာပါဘုရား)၊ အစေးထွက်တာနော်…။ (မှန်ပါ့)။

ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးဟာ အစေးထွက်တဲ့ ညောင်ပင် ညောင်ကြပ်တို့ ညောင်ဗုဒ္ဓဟေတို့နဲ့ မတူဘူးလား…။ (တူပါတယ် ဘုရား)။

ဒါဖြင့် ဒီအစေးမခန်းခြောက်သရွေ့ ကာလပတ်လုံး ဒီဓာတ်တွေနဲ့လဲ ရူပါရုံဓား၊ သဒ္ဒါရုံဓား၊ ဂန္ဓာရုံဓား၊ ရသာရုံဓား၊ ဖောဋ္ဌဗ္ဗာရုံဓား၊ ဓမ္မာရုံဓားတွေနဲ့ ခုတ်နေသရွေ့ ကာလပတ်လုံး ဒီညောင်ပင်နဲ့တူတဲ့ ဒီခန္ဓာကိုယ်ကြီးဟာ ဘယ်နည်းနဲ့မှ အစေးတွေ ခြောက်ခန်းသွားလိမ့်မယ်လို့ ဆိုလို့ရပါ့မလား…။ (မရပါဘုရား)။

**ဝမ်းသာတာလဲ အစေးထွက်တာ**

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ဝမ်းသာတာလဲ အစေးထွက်တာလို့ မှတ်လိုက်…။ (မှန်ပါ့)၊ ဝမ်းနည်းလဲ… (အစေးထွက်တာပါဘုရား)။

အစေး ထွက်တာပဲတဲ့၊ တွေဝေသွားတယ်…။ (အစေး ထွက်တာပဲ)၊ ကျုပ်ဖြင့် မိုက်ခနဲသွားတာပဲ၊ မူးခနဲသွားတာ ပဲ…၊ ကြားလိုက်ရတာနဲ့ကို စိတ်ထဲမှာ၊ ဒါလဲ အစေးထွက် တာပဲ…။ (မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

တစ်ယောက်သောပုဂ္ဂိုလ်က ချမ်းသာတာမြင်လိုက်ပြန်

လို့ ရှိရင်လဲ၊ ကိုယ်နဲ့မတည့်တဲ့ ပုဂ္ဂိုလ်က ချမ်းသားတာ မြင်လိုက်ပြန်လို့ရှိရင်လဲ ဖျတ်ဆို ငြူစူတဲ့ ဣဿာ အစေး ထွက်လာတယ်...။ (မှန်ပါ့)။

ဘယ်က ထွက်လာသလဲ...။ (ခန္ဓာက ထွက်တာပါ ဘုရား)၊ ခန္ဓာက ထွက်လာတယ်။

ဒါဖြင့် ပင်ကို ရှိ,မရှိ အကဲခတ်...(ရှိပါတယ်ဘုရား)၊ ပင်ကို ရှိတယ်ဆိုတာ သေချာကြပလား...။ (သေချာပါပြီ)။

တစ်ယောက်သော ပုဂ္ဂိုလ်က အင်း...ဝမ်းသာပြီး သဂ္ဂါလ နေတယ်၊ ကိုယ့်အထဲကနေပြီး ကျောက်ကြီး ကျောက်ကောင်း ရတယ် ဆိုရင်ပဲ ကိုယ်က ကြားကနေ ဝမ်းသာတဲ့ တဏှာစေးတွေကော မထွက်ဘူးလား...။ (ထွက် ပါတယ် ဘုရား)။

ဒါဖြင့် မင်းတို့ဟာ ကြားပြန်လဲ အစေးထွက်တယ်...။ (မှန်ပါ့)၊ မကြားဘဲနေပြန်တော့လဲ အစေးထွက်ပြန်တယ်...။ (မှန်ပါ့)။

မကြားဘဲနေတော့ ဘယ့်နှယ်များနေပါလိမ့်မတုံး... ဆိုပြီး ဟို...ဓမ္မာရုံကနေ တိုက်လိုက်တယ်...။ (မှန်ပါ့)၊ ဓမ္မာရုံတည်းဟူသော အာရုံကနေ တိုက်လိုက်တဲ့အခါကျတော့ ဒီကနေ တွေးလုံး ဆွေးလုံးတွေဆိုတဲ့ အစေးတွေ မလာဘူး လား...။ (လာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာကိုယ်မှာ တစ်နေ့

အစေး ဘယ်နှစ်ကြိမ် ထွက်သတုံး မေးရင် ဘယ့်နှယ်ဖြေမလဲ...။ (မရေတွက်နိုင်ပါဘုရား)။

**ဘာအစေးတွေပါလိမ့်**

ခက်ပြီကော...(မှန်ပါ့)၊ ဒကာ ဒကာမတို့ ဒါ ဘာစေးတွေလို့ ဆိုကြမလဲလို့ မေးလို့ရှိရင်ဖြင့် မှတ်ထားလိုက်စမ်းပါ၊ ကိလေသာအစေးတွေလို့ သေသေချာချာမှတ်ထားပါ...။ (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်...။ (ကိလေသာအစေးတွေပါဘုရား)၊ ကိလေသာအစေးတွေလို့ သေသေချာချာ မှတ်ထားတော့မှ သြော်...ဒါဖြင့် ဒီဒကာ ဒကာမတွေမှာ ဒီအစေးမခန်းသရွေ့ နေရာမကျသေးဘူးဆိုတာ စောစောစီးစီး မှတ်ထားစမ်းပါ...။ (မှန်ပါ့)။

မောင်မြင့်တို့ ဘယ်လိုမှတ်မလဲ...(ကိလေသာအစေးမခန်းသရွေ့)၊ အစေးမခန်းသရွေ့ နေရာမကျသေးဘူး...။ (မှန်ပါ့)။

ဘုရား ရဟန္တာများကျတော့ ကြောက်စရာနဲ့တွေ့လဲ ကြောက်စိတ် လာသေးရဲ့လား...။ (မလာပါဘုရား)၊ဟိုက အစေးမရှိတဲ့ သစ်ပင်နဲ့တူတယ်...။ (မှန်ပါ့)။

ဝမ်းမြောက်စရာနဲ့တွေ့လဲ ဝမ်းမြောက်တဲ့ တဏှာ အစေးတွေ ဘာတွေကော...(မလာပါဘုရား)၊ ဘယ့်နှယ်

ကြောင့်တုံး...။ (အစေးခန်းခြောက်ပါတယ်)၊ အစေးခန်းခြောက်တဲ့ သစ်ပင်နဲ့တူတယ်၊ မတူဘူးလား...။ (တူပါတယ်ဘုရား)။

အဲဒါ သူတို့ ဘယ့်နှယ်ကြောင့် အစေးတွေ ခန်းခြောက်ပါလိမ့်မတုံးဆိုတော့ ထိတ်စရာ အာရုံနဲ့တွေ့လဲ ထိတ်တဲ့အစေး မထွက်ဘူး...။ (မှန်ပါ့)၊ လန့်စရာအာရုံနဲ့တွေ့လဲ လန့်တဲ့အစေး ထွက်သေးရဲ့လား...။ (မထွက်ပါဘုရား)၊ ပျင်းစရာ အာရုံနဲ့တွေ့တော့ကော၊ ပျင်းတဲ့ ကောသဇ္ဇဒေါသအစေးတွေကော ထွက်သေးရဲ့လား...။ (မထွက်ပါဘုရား)၊ မုန်းစရာ အာရုံနဲ့ တွေ့တဲ့အခါ မုန်းတဲ့ အစေးတွေကော...(မထွက်ပါဘုရား)။

အခုတော့ ဒကာ ဒကာမတွေကဖြင့် အစေးမျိုးစုံကရှိနေတော့ ခုတ်လိုက်တိုင်း ထွက်တယ်...။ (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြပါ့မယ်...။ (ခုတ်လိုက်တိုင်း အစေးထွက်ပါတယ် ဘုရား)။

ရူပါရုံက ခုတ်လိုက်လဲ...(ထွက်ပါတယ်)၊ သဒ္ဒါရုံက ခုတ်လိုက်လဲ...(ထွက်ပါတယ်ဘုရား)။

**ကိလေသာအစေးတွေထွက်တာ**

သဒ္ဒါရုံက...ကလေးကနေပြီးသကာလ ငိုလိုက်တယ်၊ အော်လိုက်တယ်၊ အမေမိဖလုပ်တဲ့ပုဂ္ဂိုလ်က ဟင်...ဘယ့်နှယ်

ပါလိမ့်မတုံး၊ ထိတ်ခနဲ ပျာခနဲ သွားတယ်ဆိုတာ ဘာဖြစ်တာလို့ ထင်သတုံး…။ (ကိလေသာအစေး ထွက်တာပါဘုရား)။

ကိလေသာ အစေးထွက်တယ်၊ ဒေါသ ကိလေသာ ထွက်လာတယ်ဆိုတာ သဘောကျပလား…။ (ကျပါပြီဘုရား)။

ဩော်…ဒါဖြင့် ဒကာ ဒကာမတို့ သူတော်ကောင်းစစ်ကဖြင့် မဂ်ရမှ အေးတော့မယ်…။(မှန်ပါ့)၊ နို့မဟုတ်လို့ရှိရင် ဒီအစေးထွက်နေရင်လဲ အားမှာမဟုတ်ဘူး…။ (မှန်ပါ့)၊ အားပါ့မလား…။ (မအားပါဘုရား)။

ညများ ဟိုက အဝေးမှာရှိတဲ့ အာရုံတွေနဲ့ ဖြစ်စေ၊ အိပ်နေတဲ့ သားသမီးတွေနဲ့ဖြစ်စေ တွေးပြီး သူတို့အတွက် ခက်သေးတယ်၊ သူတို့အတွက် လူလားမြောက်ဖို့ အတော်ကလေး ကြိုးစားရဦးမယ်ဆိုတဲ့ အစေးတွေများ အိပ်ရာထဲများ ထွက်နေတယ်…။ (မှန်ပါ့)၊ မထွက်ဘူးလား…။ (ထွက်ပါတယ် ဘုရား)၊ ဒါ ဓမ္မာရုံနဲ့ ခုတ်လိုက်တာ…။ (မှန်ပါ့)။

မြင်ရတာ မဟုတ်ဘူး၊ ဟို…တွေးကြည့်လို့မြင်တဲ့ ဓမ္မာရုံနဲ့ သားမျက်နှာ, သမီးမျက်နှာ, မြေးမျက်နှာဆိုတာ ကလေးတွေက ပေါ်လာပြီးသကာလ ဒါကလေးတွေက ခုတ်လိုက်တာ၊ တစ်ခါတည်း အမေ, အဖေ, အဘွားတွေ ဘာတွေ ဖြစ်လာသလဲ…။ (အစေးတွေထွက်ပါတယ်ဘုရား)။

လောဘ, ဒေါသ, မောဟ, သောက, ပရိဒေဝ

ဆိုတဲ့ အစေးတွေဟာ ဘယ့်နှယ်တုံး...။ (ထွက်ပါတယ် ဘုရား)။

အို...ဒါဖြင့် ဒီဒကာ ဒကာမတွေ ဒီအစေးတွေ ထွက်သရွေ့ဟာဖြင့် ဒီအစေးက သူများကို နှိပ်စက်တဲ့ အစေးလား...တဲ့၊ ဒီအပင်ကြီးကိုပဲ ပျက်စီးအောင်လုပ်တဲ့ အစေးလား ဆိုတာလဲ စဉ်းစားကြည့်ပါ...။ (ဒီအပင်ကြီးကိုပဲ ပျက်စီးအောင်လုပ်တဲ့ အစေးပါဘုရား)။

**အစေးခန်းမှ နေရာကျမယ်**

ဒီအပင်ကြီးကို ပျက်စီးအောင်လုပ်တဲ့အစေးဆိုတာ သေသေချာချာ မှတ်ထားတော့၊ ဒီအစေးခန်းမှ နေရာကျမှာပဲ ဆိုတာ ယနေ့တရားမှာ ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါ့)။

မြတ်စွာဘုရား သံယုတ်ပါဠိတော်မှာ ဟောပါတယ် ဒကာ ဒကာမတို့၊ ခီရရုက္ခောပမသုတ်–တဲ့၊ အစေးကို ဥပမာထား ဟောတဲ့ သုတ်...(မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ဘာတဲ့တုံး...။ (အစေးဥပမာထားဟောတဲ့သုတ်ပါဘုရား)။

အဲ့ဒီတော့ ဒီအစေးဟာ အဝေးကြီးကနေခုတ်လဲ ထွက်တယ်...။ (မှန်ပါ့ဘုရား)၊ အနီးအနားကနေခုတ်ကော... (ထွက်ပါတယ်ဘုရား)။

ဩော်...ဒါဖြင့် ဒီဒကာ ဒကာမတွေမှာ ညောင်ပင်ကတော်သေးတယ်...။ (မှန်ပါ့)၊ မောင်အောင်ချီ ညောင်ပင်က

တော်သေး...(မှန်ပါ့)၊ ညောင်ပင်က ထိအောင်ခုတ်မှ အစေ ထွက်တယ်၊ သဖန်းပင်က...(ထိအောင်ခုတ်မှ အစေးထွက် ပါတယ် ဘုရား)။

မင်းတို့က တကယ့်ကိုပဲ...တဲ့၊ အဝေးကြီးကနေ ခုတ် တာတောင် ထိတယ်...။ (မှန်ပါ့)၊ ရန်ကုန်ကနေ ခုတ်လိုက် ရင်...(ထိပါတယ်)၊ ပဲခူးကနေခုတ်လိုက်ရင်...(ထိပါတယ် ဘုရား)။

ဘာဖြစ်လို့ ထိသလဲ ဓားချက်ပြင်းလို့ပေါ့...။ (မှန်ပါ့)၊ ခုတ်ချက်ပြင်းလို့ပေါ့ကွာ...။ (မှန်ပါ့)၊ ရိပ်မိကြပလား...။ (ရိပ်မိပါပြီဘုရား)။

အဲဒါ ဒကာ ဒကာမတွေက အိပ်မပျော်ဘူး၊ စားမဝင် ဘူးဆိုတာ မောင်ဝင်း ဘာထင်သတုံးကွ၊ အစေးထွက်နေ တာ...။ (မှန်ပါ့၊ အစေးထွက်နေတာပါဘုရား)၊ နောက်က ဒကာ ဒကာမတွေ ဘာထင်ကြသတုံး...။ (အစေးထွက်နေ တာပါဘုရား)။

အစေးထွက်တာ မအားလို့...။ (မှန်ပါ့)၊ အစေးတွေ ထွက်ပြီး သကာလ ညောင်ပင်ဟာ ညောင်ပင်လို့ပဲ အေးအေး ချမ်းချမ်း ရှိသေးရဲ့လား...တဲ့၊ အစေးထွက်တဲ့အပင် ဖြစ်မနေ ရဘူးလား...။ (အစေးထွက်တဲ့ အပင်ဖြစ်နေရပါတယ် ဘုရား)။

## ဒီအစေး မခန်းသရွေ့ မအေးချမ်းသေးဘူး

ဒါဖြင့် ဒီဒကာ ဒကာမတွေမှာတဲ့ ဒီအစေးမခန်းသရွေ့ မအေးချမ်းသေးဘူးလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့ဘုရား)၊ ဒီအစေး မခန်းသရွေ့ မအေးချမ်းသေးပါဘူး။

မအေးချမ်းသေးဘူးဆိုတော့ ဒီအစေးက ဒါကြောင့် မောင်နိုင် ဘုရားဟောတော်မူတာ ယုံတော့ကွာ၊ တစ်ယောက်နဲ့ တစ်ယောက် မျက်ရည်ဆိုတဲ့အစေးတွေကျတဲ့ဥစ္စာကွာ သမုဒ္ဒရာလေးစင်းရေထက် များသေးတယ်...။ (ယုံပါတယ်ဘုရား)။

မျက်လုံးပေါက်ထုတ်လိုက်လဲ ဝမ်းနည်းစရာ၊ ထုတ်လိုက်လဲ မျက်လုံးပေါက်ကပဲ မြင်ပြီးသကာလ မျက်ရည်ကျတယ်...။ (မှန်ပါ့)၊မကျဘူးလား...။ (ကျပါတယ်ဘုရား)။

နားပေါက်က ဘယ်သူ ဘာဖြစ်သတဲ့ ကြားလိုက်ပြန်လဲ မျက်ရည်ထွက်လာတယ်...။ (မှန်ပါ့)။

နှာခေါင်းပေါက်ကနေပြီးသကာလ အနံ့တွေဘာတွေ ရှူလိုက်ရှိုက်လိုက်ပြန်လဲ မျက်ရည်တွေဘာတွေ ထွက်လာတယ်၊ မလာဘူးလား...။ (လာပါတယ်ဘုရား)။

လျှာပေါက်က ငရုတ်သီးတို့ ဘာတို့စားလိုက်၊ ဒေါသတွေ ဘာတွေ ဖြစ်တဲ့အခါလဲ မျက်ရည်တွေ ထွက်လာတယ်...။ (ထွက်ပါတယ်ဘုရား)။

ကိုယ်ပေါက်ကနေပြီးသကာလ နာတယ်, ကျင်တယ် ဆိုလို့ရှိရင် မျက်ရည်များ ထွက်လာတယ်...။ (မှန်ပါ့)။

မနှာပေါက်ကလဲ တွေးလို့ဆွေးလိုက်တဲ့အခါကျလို့ ရှိရင် အို...မျက်ရည်က ခေါင်းအုံးပေါ် စီးကျလာတယ်...။ (မှန်ပါ့)။

မောင်မြင့်ရေ...ဒါဘာတွေခုတ်တာတုံးကွ...။(ညောင်ပင် ခုတ်တာပါဘုရား)၊ ဓားနဲ့ ခုတ်တာလားကွ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ အာရုံဓားတွေက ခုတ်တာ...။ (မှန်ပါ့)။

မောင်အောင်ချို ဘယ်သူက ခုတ်သလဲ...(အာရုံဓားတွေက ခုတ်ပါတယ်ဘုရား)။

အာရုံဓားတွေက ခုတ်လိုက်တော့ ဒီအပင်အသက်ရှည်ဖို့ကို တွေးလိုက်စမ်းဗျာ...။ (မရှိပါဘုရား)။

ဒါ့ကြောင့် တချို့ ဒကာ ဒကာမတွေမှာ အရွယ်နဲ့ မလိုက်ဘူး၊ အိုခြင်းဆိုး, သေခြင်းဆိုး ဖြစ်သွားတယ်...။ (မှန်ပါ့ဘုရား)။

မောင်နိုင် ဒါ...ဘယ့်နှယ်ကြောင့် ထင်သတုံး...။ (အစေးထွက်ရတာများလို့ပါဘုရား)။

အစေးထွက်ရတာများတော့ ဒီအပင်ဟာ သန်ခြင်း၊ ထွားခြင်း ရှိသလား၊ သေးသိမ် မှေးမှိန်သွားသလားဆိုတာ အကဲခတ်ကြစမ်း...။ (သေးသိမ် မှေးမှိန်သွားပါတယ်ဘုရား)။

ဒါဖြင့် ဓာတ်ချက်များလွန်းလို့ပေါ့…။ (မှန်ပါ့)။

မောင်မြင့် ဘယ့်နှယ်ဆိုမလဲ…။ (ဓာတ်ချက်များလွန်းလို့ပါဘုရား)။

ဓာတ်ချက်များလွန်းလို့ဆိုတာ သေချာကြပလား…။ (သေချာပါပြီဘုရား)။

**ဓာတ်ဘယ်နှစ်စင်း ရှိသတုံး**

အဲဒီတော့ ဓာတ်က ဘယ်နှစ်စင်းရှိသတုံးလို့ မေးတဲ့အခါကျတော့ အဆင်းဟာလဲ ဓာတ်ပဲ…။ (မှန်ပါ့)၊ အသံကကော…(ဓာတ်ပါပဲဘုရား)၊ အနံ့က…(ဓာတ်ပါပဲဘုရား)၊ အရသာတွေကကော…(ဓာတ်ပါပဲဘုရား)၊ ကြမ်းကြမ်းနုနုအာရုံတွေကကော…(ဓာတ်ပါပဲ ဘုရား)၊ တွေးစရာ အာရုံတွေကကော…(ဓာတ်ပါပဲဘုရား)။

ဓာတ်သည် ဒါဖြင့် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုတာ ဓာတ်ခြောက်စင်းလို့ မှတ်လိုက်…။ (မှန်ပါ့ဘုရား)။

မှတ်မိကြပလား…။ (မှတ်မိပါပြီ)၊ ဘာတဲ့တုံး…။ (ဓာတ်ခြောက်စင်းပါဘုရား)။

ရူပါရုံ…(ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံပါဘုရား)။

ကိုင်း…အခုတ်ခံရတာ ဘယ်နှစ်ပင်တုံး မေးလိုက်တယ်…၊ (တစ်ပင်တည်းပါဘုရား)။

အခုတ်ခံရတာက တစ်ပင်တည်း၊ ဒါ့ကြောင့် ဒကာ ဒကာမတွေ ခင်ဗျားတို့ ဒီလိုချည်းလာတာ ဘဝများစွာက ဘဝများ ဖြစ်ခဲ့လေသတုံးဆိုတော့ အခုတ်ခံပြီး အစေးထွက်နေတာနဲ့ အချိန်ကုန်တယ်...။ (မှန်ပါ့ဘုရား)။

မောင်မြင့် ဘယ့်နှယ်ဆိုမလဲ...၊ (အခုတ်ခံပြီး အစေးထွက်နေတာနဲ့ အချိန်ကုန်ပါတယ်ဘုရား)။

ဒီအစေးထွက်ပြီး သကာလ ဒီအစေးသတ်တာနဲ့ ဒီအပင်သေတာပဲ...။(မှန်ပါ့)၊ ရှင်းကြပလား...။(ရှင်းပါပြီ)။

ဒီအစေးသတ်တာနဲ့...(ဒီအပင်သေတာပါပဲဘုရား)၊ ဒီအပင်သေတာပဲဆိုတာကော ငြင်းဖို့ လိုသေးသလား...။ (မလိုပါဘုရား)။

ဒါဖြင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ခီရရုက္ခောပမသုတ် ဟောတဲ့ဥစ္စာ မောင်နိုင် ကျေနပ်ဖို့ ကောင်းပါတယ်...။ (ကျေနပ်ပါတယ်ဘုရား)။

ဒါက ဒကာ ဒကာမတွေ အပြစ် ပြတုန်းပဲ ရှိသေးတယ်...။ (မှန်ပါ့)၊ အစေးသိမ်းနည်း မလာရသေးပါဘူး...။ (မှန်ပါ့)။

သို့သော် ဒီဥစ္စာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာနဲ့ ကိုယ့်ခန္ဓာပေါ်မှာ ဖြစ်နေတဲ့ဖြစ်စဉ် ကိုက်ကြပလား...။ (ကိုက်ပါတယ်ဘုရား)။

ဒကာ ဒကာမတွေက တချို့ကလဲ ဟိုက မခုတ်တာ တောင်မှ ခုတ်ဖြစ်အောင် ခုတ်ပါလို့ အဓေးထွက်ချင်လို့ တောင်းပန်တဲ့လူ ရှိသေးတယ်...။ (မှန်ပါ့)၊ ယုံကြည်ရဲ့ လား...။ (ယုံပါတယ်ဘုရား)။

ပူစရာရှိလဲ ပူရအောင် ပြောစမ်းပါ၊ ဘာဖြစ်ချင်တာ တုံး...။ (အခုတ်ခံချင်လို့ပါဘုရား)။

အခုတ်ခံချင်လို့၊ အခုတ်ခံပြီး သူက ဘာဖြစ်ချင်တာ တုံး...။ (အဓေးထွက်ချင်တာပါဘုရား)။

အဓေးထွက်ချင်တာ၊ ပူစရာရှိလဲ မြှမထားနဲ့၊ ပြော– ပြော လာပြော...တဲ့၊ အောင်မာ...လင်နဲ့မယားများ မင်းတို့ တိုင်ပင်နေလိုက်ကြတာ၊ မလာဘူးလား...လာသလား...။ (လာပါတယ်ဘုရား)။

**လောကွတ်များတာ အဓေးထွက်ချင်လို့**

အဲဒါ ဘာဖြစ်တာတုံး၊ အမေမိဖကလဲ မင်း ဘာ အလိုရှိသတုံး၊ ဘယ့်နှယ်ကြောင့် ဒီလိုနေတာတုံး၊ ဟဲ့... ရနိုင်တဲ့ပစ္စည်းဖြင့်လဲ ရအောင်လုပ်ပေးရမှာပေါ့၊ လျှို့ဝှက် မနေနဲ့၊ ပြောစရာရှိပြောလိုက်တာပေါ့၊ ဘွင်းဘွင်းပေါ့၊ အေး အတူ ပူအမျှပေါ့၊ ဘာဖြစ်လို့ ဒါလောက်တောင် လောကွတ် များ နေတာတုံးမေးလို့ရှိရင် မောင်နိုင်တို့ ဖြစ်မင်းပါ...။

(အခုတ် ခံချင်လို့ပါဘုရား)၊ အခုတ်ခံချင်လို့၊ အစေးထွက်ချင်လို့...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဘာတဲ့တုံး...။ (အခုတ်ခံချင်လို့–အစေးထွက်ချင်လို့ပါဘုရား)။

ခင်ဗျားတို့လောကွတ်ကလဲဗျာ၊ အစေးထွက်လောက်အောင် ခန္ဓာကိုယ်ကြီးထဲက တစ်ခါတည်း သောက,ပရိဒေဝ, ဒုက္ခ, ဒေါမနဿဆိုတဲ့ ကိလေသာအစေးတွေ ယိုအောင်ကိုပဲ တောင်းပန်နေတယ်...။ (မှန်ပါ)။

တော်တော် အရုပ်ဆိုးပါကလား...။ (ဆိုးပါတယ်ဘုရား)။

မောင်အောင်သိန်း ဘယ့်နှယ်တုံး...။ (အတော်အရုပ်ဆိုးပါတယ်ဘုရား)၊ အတော်အရုပ်ဆိုးတယ်ဆိုတာ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

**အစေးခန်းအောင်လို့ တရားဟောနေတာ**

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နေ့တိုင်းတရားဟောနေတာ ဘယ့်နှယ်ကြောင့်ပါလိမ့်မလဲလို့မေးတော့ အစေးခန်းအောင်လို့ ဟောနေတာ...။ (မှန်ပါဘုရား)။

ဘာတဲ့တုံး...။ (အစေးခန်းအောင်လို့ ဟောနေတာပါဘုရား)၊ အစေးခန်းအောင်လို့ ဟောနေတယ်ဆိုတာ ခင်ဗျားတို့ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီအစေးက ဘယ်သူ့နိပ်စက်မှာ တုံးလို့ မေးတော့ ဒီအပင် နိပ်စက်တယ်...။ (မှန်ပါ့)။

မယုံရင် စဉ်းစားကြည့်တော့၊ ခင်ဗျားတို့မျက်နှာ ကြည့်ရတာ ညှိုးပိန်လို့၊ မျက်စိမျက်နှာကြည့်ရတာလဲ မျက်ရည်တွေ ထွက်တဲ့ မျက်နှာတွေ ကြည့်ရတော့ မကောင်းဘူး ပြောချင်သပေါ့ကွာ...။ (မှန်ပါ့)။

မသိဘူးလား၊ ဘယ်သူက ဘာလုပ်သွားလို့၊ ဘယ်သူကလေး ပျက်စီးသွားလို့၊ ဘယ်သူကနေပြီး ခွဲခွာပြီး ထွက်သွားလို့၊ မပြောဘူးလား...။ (ပြောပါတယ်)၊ ဒီအပူ သူ့မှာ အစေးထွက်ရလွန်းလို့ ပိန်တယ်ပြောတာ...။ (မှန်ပါ့)၊ သေများ သေချင်တယ်တောင် လာသေးတယ်...။ (မှန်ပါ့)၊ မလာဘူးလား–လာသလား...။ (လာပါတယ်ဘုရား)။

ဒါ ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးလို့ အမေးထုတ်လို့ ရှိရင်ဖြင့်...တဲ့၊ အစေးရှိတဲ့ သစ်ပင်ဖြစ်သောကြောင့် အစေးလောင်ပြီး သေမည့်ရုပ်ပြတာ...။ (မှန်ပါ့ဘုရား)။

ဘာတဲ့တုံး...။ (အစေးလောင်ပြီး သေမည့် ရုပ်ပါဘုရား)။

အပင်က–သူက နဂိုက ခန်းအောင်မှ လုပ်မထားဘဲကိုး...။ (မှန်ပါ့)၊ ခန်းအောင်လုပ်မထားတော့ အစေးရှိတဲ့သစ်ပင်က ဖြစ်နေတော့ အစေးခန်းနည်း နိဿရည်းကလဲ မောင်မြင့်တို့၊ မောင်အောင်ချီတို့ မရဘူး...။ (မှန်ပါ့)။

မရတော့ အစေးချည်း နေ့တိုင်း ထွက်နေတယ်၊ မထွက်ပေဘူးလား…။ (ထွက်ပါတယ်ဘုရား)။

အင်း…ဒေါသဖြစ်တဲ့ အချိန်ကလေးဟာ အစေးထွက်တာပဲ…။ (မှန်ပါ့)၊ လောဘဖြစ်တဲ့အချိန်၊ ဒေါသဖြစ်တဲ့အချိန်၊ မောဟဖြစ်တဲ့အချိန်…(အစေးထွက်တာပါဘုရား)၊ ဣဿာမစ္ဆရိယ ဖြစ်တဲ့ အချိန်ကော…(အစေးထွက်တာပါဘုရား)။

ဒါတွေဟာ အစေးတွေချည်းပဲလို့ သေသေချာချာမှတ်ပါ၊ ခုတ်လို့ထွက်တာ၊ ဟိုက အာရုံတစ်ခုခုနဲ့ မခုတ်ရင် ဖြင့် ဒီအစေးတွေ ထွက်ပါ့မလား…။ (မထွက်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာတဲ့၊ ဒီအစေးထွက်တော့ ဒီအစေးက သူများနိုပ်စက်သလား၊ ဒီအပင် နိုပ်စက်သလား…။ (ဒီအပင်နိုပ်စက်ပါတယ်ဘုရား)။

**အစေးလောင်ပြီး သေရတယ်**

ကြည့်စမ်းပါလား၊ သရက်ပင် အစေးလောင်ပြီး သရက်သီးတွေ အကုန်ပြုတ်ကျတယ်…။ (မှန်ပါ့)၊ မကျဘူးလား…။ (ကျပါတယ်ဘုရား)။

ဒီ အပင်ဟာ တော်တော်ကြာကျတော့ သူ့အစေးနဲ့သူ လောင်ပြီး သေတာတွေကော…(ရှိပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ခင်ဗျားတို့ဟာ အစေးဇာတ် မသိမ်း

သရွေ့ကာလပတ်လုံးတော့ဖြင့်...တဲ့၊ ဘယ်နည်းနဲ့မှ ချမ်းသာဆိုတာ မတွေ့ပါဘူး...။ (မှန်ပါ့ဘုရား)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီ)။

ပေါ်ပြီနော်...၊ ကဲ...မောင်နိုင်ရေ ခန္ဓာက သစ်ပင်နဲ့တူတယ်၊ အစေးရှိတဲ့ သစ်ပင်နဲ့ တူတယ်...။ (မှန်ပါ့)၊ အာရုံခြောက်ပါးက ခုတ်ဓားနဲ့ တူတယ်...။ (မှန်ပါ့)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ခန္ဓာက...(သစ်ပင်ကြီးနဲ့တူပါတယ်)၊ အစေးရှိတဲ့ သစ်ပင်နဲ့တူတယ်၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

အာရုံခြောက်ပါးက...(ခုတ်တဲ့ဓားနဲ့ တူပါတယ်)၊ ဓမ္မာရုံပါထည့်၊ အာရုံခြောက်ပါးက ခုတ်ဓားနဲ့ တူတယ်...။ (မှန်ပါ့)။

အဲဒီကဲ့သို့ ခုတ်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် အစေးတွေ ထွက်လာတာက ဒကာ ဒကာမတို့ ကိလေသာ ထ,ကြွလာတာပဲ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဥပမာပေးတာ အင်မတန် ကောင်းပါကလားဆိုတာ ဟိုဘက်က မပုတို့ သဘောကျရဲ့လား...။ (ကျပါတယ်ဘုရား)၊ ကြားကောကြားကြရတယ်နော်...။ (မှန်ပါ့ဘုရား)။

အေး...ဒါ့ကြောင့် ပြန်ပြောပါဦးမယ် တစ်ခေါက်၊

အခု ဒကာ ဒကာမတွေ ခန္ဓာကိုယ်ဟာ အစေးရှိတဲ့ သစ်ပင်နဲ့ တူတယ်...။ (မှန်ပါ)၊ အာရုံခြောက်ပါးက...(ဓားနဲ့တူပါတယ်)၊ ခုတ်တဲ့ဓားနဲ့တူတယ်၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

ခုတ်တိုင်း ခုတ်တိုင်း လောဘထွက်၊ ဒေါသထွက်၊ မောဟထွက်၊ ဣဿာထွက်၊ မစ္ဆရိယထွက်၊ မာနထွက်၊ အဲဒါတွေက ဘာနဲ့တူသလဲ...။ (အစေးတွေနဲ့တူပါတယ်ဘုရား)။

အစေးတွေနဲ့တူတယ်၊ ကိလေသာအစေးတွေနဲ့ တူတယ်လို့ မောင်အောင်သိန်း မှတ်လိုက်တာပေါ့...။ (မှန်ပါ့ဘုရား)။

ဒီအစေးသည် ခုတ်တဲ့ဓားကို နှိပ်စက်သလား၊ အပင်ကို သေစေသလား...။ (အပင်ကို သေစေပါတယ်ဘုရား)။

အပင်ကို သေစေတယ်၊ ကြောက်စရာ သိပ်ကောင်းတယ်...။ (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ကိုယ့်အဖြစ်ဟာ ဘယ်သူသတ်လို့မှ သေမှာ မဟုတ်ဘူး၊ အစေးလောင်ပြီးတော့ သေရမှာ...။ (မှန်ပါ့ဘုရား)။

ဘယ်သူသတ်လို့မှ...(မသေပါဘုရား)၊ အစေးလောင်ပြီးတော့...(သေရမှာပါဘုရား)။

အနုသယ ကိလေသာဆိုတာ

ဒါဖြင့် ဒီအစေးဟာ နဂိုက မြင်ရသလားလို့မေးတော့ ဘယ့်နှယ်ဖြေကြမလဲ...။ (မမြင်ရပါဘုရား)။

ဘယ်အချိန်မှ ထွက်ထွက်လာသလဲ...။ (ခုတ်တဲ့ အချိန်မှ ထွက်ထွက်လာပါတယ်ဘုရား)။

ဒါဖြင့် အဲ့ဒါ မှတ်ထားလိုက်စမ်းပါ၊ အနုသယ ကိလေသာ ဆိုတာ ဒါပဲ...။ (မှန်ပါ့ဘုရား)၊ ဘုရားဟော တော်မူတဲ့ အနုသယ၊ အနုသယဆိုတာ ဒါပဲ...။ (မှန်ပါ့)။

ဒကာ ဒကာမတွေ အနုသယ ဒီနေ့ သဘောကျ ပလား...။ (ကျပါပြီဘုရား)။

သူက ကိန်းသာနေတာတဲ့၊ မမြင်ရဘူးတဲ့...။ (မှန်ပါ့)။

ဒကာ ဒကာမတို့ ကိန်းအောင်းသာနေတာတဲ့၊ ဘာတဲ့ တုံး...။ (မမြင်ပါဘုရား)။

ဒါကြောင့် မင်းတို့က မောင်နိုင်တို့က ဘယ်သူ့မှလဲ သွားပြီး မချီးမွမ်းနဲ့ဦးကွ၊ ခုတ်ကြည့်ဦး...။ (မှန်ပါ့)၊ ခုတ်ကြည့်လို့ အစေးမထွက်မှ ဘာတဲ့တုံး...။ (ချီးမွမ်းရပါမယ် ဘုရား)၊ ချီးမွမ်းရမယ်ဆိုတာ သဘောကျပလား...။ (ကျပါပြီ ဘုရား)။

အေး...ဒါကြောင့် အားလုံး ဒကာ ဒကာမတွေ ယနေ့ တရားပွဲမှာ ဒီအစေးမသိမ်းသရွေ့ကာလပတ်လုံးဖြင့် ဒီအစေး

က ခဏ ခဏထွက်ပြီး၊ ဒီအစေးလောင်းပြီး ဒီခန္ဓာပင်ဟာ သေမှာပဲ…။(မှန်ပါ့)၊မသေဘူးလား…။(သေပါတယ်ဘုရား)။

အို…တစ်ခါတည်း အရှေ့ရှိတဲ့သားလဲ စိတ်မချလို့၊ ပုပ်နတ်တဲ့အစေးထွက်ပြီ…။ (မှန်ပါ့)၊ အနောက်ရှိတဲ့သမီးလဲ စိတ်မချလို့…(ပုပ်နတ်တဲ့အစေးထွက်ပါတယ်ဘုရား)၊ ပုပ်နတ်တဲ့ အစေး ထွက်နေတော့ ခင်ဗျားတို့ဟာ အစေးထွက်တယ် ဆိုတော့ ဒီအစေးကလဲ လောင်တတ်တဲ့အစေးဖြစ်နေ တယ်…။ (မှန်ပါ့ဘုရား)။

လောင်တတ်တဲ့ အစေးဖြစ်ပြီး သကာလနေတော့ ခင်ဗျားတို့ကလဲ အခုတ်ခံချင်ချင်၊ အစေးကလဲ မခုတ်လေနဲ့၊ ခုတ်ရင် ထွက်မယ်…။ (မှန်ပါ့)၊ ထွက်ရလို့ ရှိရင်လဲ အလကားတော့ မရှိဘူး၊ ဒီအပင်လောင်မယ်…။ (မှန်ပါ့)၊ ရှင်းကြပလား…။ (ရှင်းပါပြီဘုရား)။

**အစေးခန်းတဲ့လူ၊ အစေးမခန်းတဲ့လူ**

အဲဒါကို ခင်ဗျားတို့ လူ့ဘဝဆိုတာ ဒီလိုနေရတာပဲ ဘုရား၊ အေးတစ်လှည့်၊ ပူတစ်လှည့်၊ ဆွေးတစ်လှည့် ဒီလို နေရတာပဲလို့ ခင်ဗျားတို့က ပြောနေတော့ ဪ…လူ့ထုံးစံ ဒီလိုပဲလို့ အောက်မေ့မနေနဲ့၊ မဟုတ်ပါဘူး၊ အစေးခန်းတဲ့ လူတစ်မျိုး၊ အစေးမခန်းတဲ့ လူတစ်မျိုး၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

အရိယာတွေကျတော့ မောင်နိုင်က ဘယ့်နှယ်ဖြေမလဲ...။ (အစေးခန်းသွားပါတယ်)၊ ဘယ်အာရုံနဲ့တွေ့တွေ့ အစေးထွက်သေးရဲ့လား...။ (မထွက်ပါဘုရား)၊ ပုထုဇဉ်တွေ မှန်သရွေ့တော့...(အစေးထွက်ပါတယ်ဘုရား)။

အစေးထွက်တော့ကိုတဲ့၊ ဘယ်သူ-သူတော်ကောင်းပါတယ်၊ မကောင်းဘူးဆိုတာ အစေးထွက် မထွက်ကို အကဲခတ်...(မှန်ပါ့)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ဘယ်သူ-သူတော်ကောင်းပါတယ်၊ မကောင်းဘူးဆိုတာ အစေးထွက်,မထွက် အကဲခတ်ပါ...။ (မှန်ပါ့)။

အစေးထွက်, မထွက်ကို အကဲခတ်ကြည့်တော့မှ ကိုပေါ် ရှင်းရှင်းလင်းလင်း ပေါ်တယ်...။ (မှန်ပါ့)၊ သဘောပါကြရဲ့လား...။ (ပါ,ပါပြီဘုရား)။

ဒါဖြင့် ဒီအစေးဟာ နဂိုအပင်ထဲမှာ မြင်ရသလားလို့ မေးရင် မောင်နိုင် ဘယ့်နှယ်ဖြေမလဲ...။ (မမြင်ရပါဘုရား)၊ အောင်းနေသလား-မအောင်းနေဘူးလားလို့မေးလို့ရှိရင်ကော...(အောင်းနေပါတယ်)၊ အောင်းတယ်နော်...။ (မှန်ပါ့)။

အောင်းနေတာကို ရှိမှန်းသိအောင် ဘယ်လိုလုပ်မှရှိတဲ့သတ္တိ ပေါ်လာသလဲ...။ (အစေးထွက်အောင်လုပ်မှ ပေါ်ပါတယ်)။

အဲ. .ခင်ဗျားတို့ ကိလေသာတွေ နဂိုက ပုတီးကလေး

စိပ်၊ တရားကလေးအားထုတ်ပြီးသကာလ မဂ်ဉာဏ်,ဖိုလ်ဉာဏ် မဆိုက်သေးလို့ရှိရင် အောင်းနေတယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဆိုက်လို့ရှိရင်ဖြင့် ဒကာ ဒကာမ အစေးခန်းတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ ဘုရား)။

ဒါဖြင့် ဒီအစေးကို ပြောကြပါစို့တဲ့၊ ကဲ...ဒီအစေးဟာ ဒီအပင် နှိပ်စက်တယ်ဆိုတာ ရှင်းအောင် ပြောကြပါစို့။

မောင်နိုင်...ဒီအစေးဟာ အပင်ကို နှိပ်စက်တယ်နော်...။ (မှန်ပါ့)၊ ဒီအပင်ကထွက်တာ သူများအပင်ကူးပြီး နှိပ်စက်သေးသလားဗျာ...။ (မနှိပ်စက်ပါဘုရား)။

ဒီအစေးဟာ ဒီအပင်ပေါ်တွင် စီးကျပြီးသကာလ၊ ဒီအမြစ်တွေ ပူပြီး သကာလ ဒီရေသောက်မြစ်တွေလောင်တော့ ဒီအပင်ပဲ သေရတာပဲဆိုတာကော မမှန်သေးဘူးလား...။ (မှန်ပါတယ်ဘုရား)။

**အစေးက အပင်ကို နှိပ်စက်တယ်**

အဲဒါကြောင့် အခု သားနဲ့, မယားနဲ့, ဆွေနဲ့,မျိုးနဲ့ နေကြတဲ့ ပုဂ္ဂိုလ်များမှာဖြင့် ဟိုဘက်လှည့်လဲ အစေးထွက်တာပဲ...။ (မှန်ပါ့)၊ ဒီဘက်လှည့်လဲ...(အစေးထွက်ပါတယ်ဘုရား)၊ မှန်းတဲ့ဘက်လှည့်လိုက်လဲ...(အစေးထွက်ပါတယ်

ဘုရား)၊ ခင်တဲ့ဘက် လှည့်လိုက်လဲ...(အစေးထွက်ပါတယ် ဘုရား)၊ အလတ်စားဘက်လှည့်လိုက်...(အစေးထွက်ပါတယ် ဘုရား)၊ ထွက်လို့ကို မအားတော့ဘူး...။ (မှန်ပါ့)။

မောင်အောင်ချို အားသေးရဲ့လား...။(မအားပါဘုရား)။

ဒါဖြင့် ဒီအပင်ဟာ သေလွယ်မှ သေလွယ်ပါ့ မလား...။ (သေလွယ်ပါတယ်ဘုရား)။

ဒကာ ဒကာမတွေ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သိပ်မြင်တယ်ဆိုတာ သဘောကျပလား...။ (ကျပါပြီဘုရား)။

သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်–တဲ့၊ ဒါဟာ အင်မတန် အရေးကြီးပါတယ်။

ခင်ဗျားတို့ကလဲ အခုတ်ခံချင်တဲ့သဘောကလဲ တော် တော် များတယ်...။ (များပါတယ်ဘုရား)။

အခုတ်ခံချင်တဲ့သဘောကများတော့ကို ခင်ဗျားတို့ကို အာရုံတွေက ခုတ်လိုက်တယ်၊ ထစ်လိုက်တယ်နော်...။ (မှန်ပါ့)၊ အဲဒီမှာ ခင်ဗျားတို့ကလဲ ခုတ်လိုက်တယ်၊ ထစ်လိုက် တယ်ဆိုလို့ရှိရင်ဖြင့် တစ်ခါတည်း မျက်ရည်ကြီးငယ်ကျ၊ သောက,ပရိဒေဝတွေကော...(လာပါတယ်ဘုရား)၊ လောဘ, ဒေါသ, မောဟတွေကော... (လာပါတယ်)၊ ဣဿာ, မစ္ဆရိယတွေကော...(လာပါတယ်)၊ တစ်ခါတည်း အစေး မျိုးစုံ မောင်မြင့် ဘာဖြစ်သလဲ...။ (ထွက်ပါတယ်ဘုရား)၊ ထွက်မလာဘူးလား...။ (ထွက်လာပါတယ်ဘုရား)။

ဒါဖြင့် ဒီအစေးမျိုးစုံသည် ဒီအပင်ကို နှိပ်စက်မယ့် အစေးလို့ မှတ်လိုက်…။ (မှန်ပါ့)။

ဒီအစေးမျိုးစုံသည်…(ဒီအပင်နှိပ်စက်မည့်အစေးပါ ဘုရား)၊ ဒီအပင်ကို နှိပ်စက်မည့်အစေးဆိုတာကို ဒကာ ဒကာမတွေက ရှင်းထားတော့မှ သြော်…ကိုင်း…ဒါဖြင့် တို့ နှိပ်စက်တဲ့အစေးဟာ နှိပ်စက်တယ်–မနှိပ်စက်တယ် မောင်နိုင် ရှင်းကြစမ်းဆိုတော့…ပဋိစ္စသမုပ္ပါဒ်နဲ့ ပြောလိုက်လို့ရှိရင် မောင်မြင့်တို့၊ မောင်အောင်ချိတို့ ရှင်းသွားမယ်…။ (မှန်ပါ့)။

## ကျောက်ကလေးတစ်ပွင့် တွေ့ပြီ

ကိုင်း…ဒါဖြင့် ကျောက်ကလေးတစ်ပွင့် ကိုပေါ်ရေ တွေ့ပြီ…။ (မှန်ပါ့)၊ လိုချင်တဲ့အစေး ထွက်လာတယ်၊ မထွက်ဘူးလား…။ (ထွက်ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် လိုချင်တဲ့အစေး ထွက်လာပါလိမ့် မတုံး၊ ကျောက်တည်းဟူသော အာရုံက ခုတ်လိုက်လို့…။ (မှန်ပါ့)။

ကျောက်တည်းဟူသောအာရုံကခုတ်လိုက်တော့ လောဘ အစေးထွက်မလာဘူးလား…။ (ထွက်လာပါတယ် ဘုရား)။

လောဘ အစေးထွက်လာတော့ ဒီအပင်က ထွက်တာ နော်…။ (မှန်ပါ့)၊ မခုတ်ခင်တုန်းက ထွက်သလား၊ ခုတ်မှ ထွက်သလား…။ (ခုတ်မှ ထွက်ပါတယ်ဘုရား)။

**ပဋိစ္စသမုပ္ပါဒ် အလယ်က စ,တယ်**

ဒါဖြင့် ဒီတဏှာလာရောနော်…။ (မှန်ပါ့)၊ ဒီတဏှာ သည်ကားလို့ဆိုလို့ရှိရင် တဏှာပစ္စယာ ဥပါဒါန်ပွားတော့ မယ်…။ (မှန်ပါ့)၊ ဥပါဒါနပစ္စယာ…(ကမ္မဘဝေါ)၊ ကမ္မ ဘဝပစ္စယာ…(ဇာတိပါဘုရား)၊ ဇာတိပစ္စယာ…(ဇရာ,မရဏ ပါဘုရား)။

သေမည်သာ ပြင်ပေတော့…။ (မှန်ပါ့)၊ မသေသေးဘူး လား ဒီဥစ္စာ…။ (သေပါတယ်ဘုရား)။

ကဲ…ဘယ်သူက သတ်တာတုံး…။ (အစေးက သတ် တာပါ ဘုရား)၊ အစေးကသတ်တာ မောင်နိုင် သေချာ ပလား…။ (သေချာပါပြီဘုရား)။

အဲဒါကြောင့် အစေးဟာ ခင်ဗျားတို့ကို သတ်ပါလိမ့် မယ်၊ခင်ဗျားတို့က ထွက်တဲ့အစေး ခင်ဗျားတို့ကို သေကြောင်း ကြံပါလိမ့်မယ်…။(မှန်ပါ့)၊ လွဲပါ့မလား…။ (မလွဲပါဘုရား)။

ခင်ဗျားတို့က ထွက်တဲ့အစေးနော်…။ (မှန်ပါ့)၊ခင်ဗျား တို့ကိုပဲသေရာသေကြောင်းလုပ်ပါလိမ့်မယ်…။(မှန်ပါ့)။

မောင်မြင့် ငြင်းဖို့လိုသေးသလား…။ (မလိုပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်နဲ့ သေသေချာချာပြပြီကော…(မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ်နဲ့ သေသေချာချာပြတော့ ဒါက ဘယ်သူမှ ငြင်းလို့ကို မရတော့ဘူး…။ (မှန်ပါ့)။

**ပဋိစ္စသမုပ္ပါဒ် အဆုံးက စ,တယ်**

ဖျတ်ဆို ဒကာ ဒကာမတွေက ကြမ်းတဲ့ အာရုံကလေး တွေ့တဲ့အခါကျတော့ ထိတ်ခနဲ–လန့်ခနဲ မသွားဘူးလား...။ (သွားပါတယ်ဘုရား)၊ ထိတ်ခနဲ သွားပါတယ်၊ ဟိုက အာရုံက ခုတ်လိုက်တယ်...။ (မှန်ပါ)၊ ထိတ်တဲ့ ဒေါသ ကလေး မလာဘူးလား...။ (လာပါတယ်ဘုရား)။

အင်း...ဒေါသ လာလို့ရှိရင်ဖြင့် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ,အဝိဇ္ဇာ,သင်္ခါရ မလာဘူးလား...။ (လာပါ တယ် ဘုရား)။

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿဆိုတဲ့ ဥစ္စာသည် ဒကာ ဒကာမတို့ လာပြီဆိုမှဖြင့် အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ်တွေဘက်မလှည့်ဘူးလား...။ (လှည့်ပါတယ်ဘုရား)၊ ဒါဖြင့် ဒီဘက်က အသေပါမသွားဘူးလား...။ (ပါ,ပါတယ် ဘုရား)။

မောင်မြင့် ပါပလား...။ (ပါ,ပါတယ်ဘုရား)၊ ဒါဖြင့် မင်းတို့ ထိတ်ခနဲသွားတဲ့အလုပ်ဟာလဲ အဆိုးပဲ...။ (မှန်ပါ)၊ လန့်ခနဲသွားတဲ့အလုပ်ဟာကော...(အဆိုးပါပဲ)၊ အဆိုးပဲ ဆိုတာ ရိပ်မိကြပလား...။ (ရိပ်မိပါပြီဘုရား)။

## ပဋိစ္စသမုပ္ပါဒ် အစက စ,တယ်

ကောင်းပြီ၊ တစ်ခါတလေကျတဲ့အခါကျလို့ရှိရင် စိတ်ကို ဝေထွက်သွားတာပဲပေါ့ မြင်လိုက်ရတာ၊ မပြောကြဘူးလား...။ (ပြောပါတယ်ဘုရား)။

စိတ်ကို ဘာတဲ့...(ဝေထွက်သွားပါတယ်)၊ အဝိဇ္ဇာဖြစ်တာ သဘောကျပလား...။ (ကျပါပြီဘုရား)။

အဝိဇ္ဇာပစ္စယာ...(သင်္ခါရာပါ)၊ သင်္ခါရာပစ္စယာ...(ဝိညာဏံပါဘုရား)၊ ဟိုဘက် ဇာတိ ဇရာ မရဏကျအောင် ဒီအစေး သွား–မသွား...(သွားပါတယ်ဘုရား)။

ဩော်...ဒါဖြင့် ဒကာ ဒကာမတွေ ခင်ဗျားတို့ နိဗ္ဗာန်မရတာ ခင်ဗျားတို့အစေးက ခင်ဗျားတို့ကို ဘဝဆက်ဆက်ပေးနေတယ်...။ (မှန်ပါ့ဘုရား)၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

## ထွက်တဲ့အစေးက ဘဝဆက်ဆက်ပေးနေတယ်

ခင်ဗျားတို့ထွက်တဲ့အစေးသည်...(ဘဝဆက်ဆက်ပေးနေပါတယ် ဘုရား)။

ဘဝသေ၊ သေပြီးတော့ ဆက်၊ သေပြီတော့...(ဆက်ပါတယ်ဘုရား)၊ ဆက်ဆိုတော့ မောင်အောင်ချိတို့ အားစရာရှိသေးရဲ့လား...။ (မရှိပါဘုရား)။

ဒါဖြင့် ဒီအပင် အစေးသိမ်းလို့ရှိရင်ဖြင့် ခင်ဗျားတို့ လွတ်ငြိမ်းတော့မယ်...။ (မှန်ပါ့)။

ဒီအပင် အစေးသိမ်းရင်...(လွတ်ငြိမ်းပါတော့မယ်)။

အေး...ဒေါ်အုန်းမေကြီး ကောင်းကောင်းသဘောကျရဲ့နော်...။ (မှန်ပါ့ဘုရား)။

ဘာလုပ်ရမှာတုံး၊ ဒါဖြင့် ဒီနေ့တရားမှာ...(အစေးသိမ်းရပါမယ်ဘုရား)၊ အစေးသိမ်းရမယ်။

အစေးသိမ်းရတော့မယ်ဆိုလို့ရှိရင် ဒကာ ဒကာမတွေက မသိသေးတဲ့ ပုဂ္ဂိုလ်က ကိလေသာအစေးတွေ သိမ်းရတော့မယ်လို့ဆိုလို့ရှိရင်ဖြင့် ဖြည်းဖြည်းမှ သိမ်းပါရစေ၊ လာချင်လာနေမှာ...။ (မှန်ပါ့)။

ဘယ့်နှယ်လာမလဲ...။(ဖြည်းဖြည်းမှ သိမ်းပါရစေလို့ လာပါတယ်ဘုရား)။

အခုဟာက အလုပ်ကလေးက မပြတ်သေးလို့ဆိုတော့ အစေးထွက်ပါရစေ...။ (မှန်ပါ့)၊ ဘယ့်နှယ်ဆိုကြမလဲ...။ (အစေးထွက်ပါရစေ–တဲ့)။

အစေးထွက်ပါရစေဆိုတာ အလုပ်ကလေး မပြတ်သေးလို့ဆိုတာ ဘာပါလိမ့်...။ (အစေးထွက်ပါရစေဘုရား)။

ဩော်...အစေးလောင်ပြီး သေချင်တာက များပါကလား...။ (များပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဒီဥစ္စာ ကောင်းကောင်း သဘောကျ ရဲ့နော်...။ (ကျပါတယ်ဘုရား)။

သေသေချာချာရှင်းပါ၊ သေသေချာချာရှင်းပါ ဒကာ ဒကာမတို့၊ ကိုယ့်ခန္ဓာကိုယ် ရောက်မရောက်လဲ အကဲခတ် ပါဦး...။ (ရောက်ပါတယ်ဘုရား)။

ကိုင်း...ခင်ဗျားတို့ ဒီအစေးသိမ်းတဲ့အလုပ်ကို လုပ်ပါ တော့ ဆိုတော့ အခုတ်ခံတဲ့အထဲ များများနေတယ်...။ (မှန်ပါ့)၊ အစေးသိမ်းတဲ့အလုပ်ကျရင်...(နည်းနည်းနေပါ တယ်)၊ ဘာပြုလို့ဘုံးဆိုတော့ ဆက်ပြီး သေမှာစိုးလို့...။ (မှန်ပါ့)၊ ဒီအစေးလောင်ပြီး ဆက်ပြီး မသေမှာစိုးတာနဲ့...။ (မှန်ပါ့)။

ဒါ ထောက်ပြောနေတာလား၊ ခင်ဗျားတို့ ဖြစ်စဉ် အကိုက် ပြောနေတာလားဆိုတာ အကဲခတ်ပါဦး...။ (ဖြစ်စဉ် အကိုက် ပြောနေတာပါဘုရား)။

ဖြစ်စဉ်အကိုက် ပြောနေတယ်ဆိုတာ မောင်အောင် သိန်း ကျေနပ်ပလား...။ (ကျေနပ်ပါပြီဘုရား)။

အစေးထွက်တဲ့ဆီကျတော့ မင်းတို့ အချိန်များများ မယူကြဘူးလား...။ (ယူပါတယ်ဘုရား)၊ အစေးသိမ်းတဲ့ အလုပ်ကျတော့ အချိန်များများယူလို့ ရရဲ့လား...။ (မရပါ ဘုရား)။

ဟာ…အာ…တိုယ်ပေါ်ကိုယ် လိမ်မာတာလား၊ ကိုယ်မိုက်တာလား…။ (ကိုယ်မိုက်တာပါဘုရား)။

ကိုယ့်အစေးနဲ့ကိုယ် ထွက်ပြီးသကာလ သေပြီးရင် အစေးထွက်တဲ့အပင် ဖြစ်ချင်ရင်း…(မှန်ပါ့)၊သေပြီးရင်း… (အစေးထွက်တဲ့အပင် ဖြစ်ချင်ရင်းပါဘုရား)။

ဒါဖြင့် အစေးကြောင့် သေတဲ့ သစ်ပင်လဲ ဖြစ်လိုက်…၊ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီ)၊ နောက်တစ်ခါ သစ်ပင်သစ်ကိုလဲ ဖြစ်ဖို့ရာ ကြိုးစားလိုက်ဆိုတော့ ဒီအစေး သတ်တာလဲ သူ သံဝေဂမရဘူး…။ (မှန်ပါ့)၊ နောက် အစေးပါလာလို့ သေဦးမှာကော…(သံဝေဂမရပါဘုရား)။

သံဝေဂမရဘူးဆိုတော့ မောင်မြင့် မိုက်ချက်သန်တယ်…။ (မှန်ပါ့)၊ ဒကာ ဒကာမတို့ ဆိုထိုက်, မဆိုထိုက်… (ဆိုထိုက်ပါတယ်ဘုရား)။

မိုက်ချက် သိပ်ပြင်းထန်တယ်…။ (မှန်ပါ့)၊ သေသေချာချာ ဒီနေ့တရားမှာ ပေါ်လာပြီ၊ မောင်မြင့် မပေါ်သေးဘူးလား…။ (ပေါ်ပါပြီဘုရား)။

**အိမ် စိတ်မချတာလဲ အစေးထွက်တာ**

ပေါ်ပြီ၊ နောက် ဒကာ ဒကာမတွေနော်…(မှန်ပါ့)၊ အိမ် စိတ်မချရဘူးဆိုတဲ့ဥစ္စာ မောင်နိုင် စဉ်းစားကြည့်နော်…။ (မှန်ပါ့)၊ အိမ် စိတ်မချရဘူးလို့ ဆိုတဲ့ဥစ္စာ ဒီမှာ အစေး

ထွက်တယ်…။ (မှန်ပါ့)၊ မထွက်ဘူးလား…။ (ထွက်ပါတယ် ဘုရား)။

အိမ်ပေါ်ဘွင် နေတော့ကော…တဲ့၊ အိမ်ပူစရာ, အိမ်ဆွေးစရာတွေနဲ့ တွေးပြီးသကာလ ကြုံစရာတွေ,စိုးရိမ်စရာတွေ မလာဘူးလား…။ (လာပါတယ်ဘုရား)။

နို့…အိမ်ပေါ်နေလဲ အစေးထွက်နေတာပဲ…။ (မှန်ပါ့)၊ အိမ်ပြင်ဘက်နေလဲ…(အစေးထွက်နေတာပါပဲဘုရား)။

အစေးထွက်နေတော့ကို သောကစေး, ဒေါသစေး, မောဟစေး, ဣဿာ, မစ္ဆရိယ, မာနအစေးတွေဟာ တစ်မျိုးပြီး တစ်မျိုး လာတယ်…။ (မှန်ပါ့)၊ လာသရွေ့လဲ ဒီအပင်သတ်ဖို့ချည်းပဲ…။ (မှန်ပါ့)၊ ဒီအပင်သတ်ဖို့၊ နောက်အပင်ဖြစ်ဖို့…(မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

ဒီအပင်ကော…(သတ်ဖို့ပါ)၊ ဒီခန္ဓာကိုယ်ကြီးကိုလဲ သတ်ဖို့ပဲ…။ (မှန်ပါ့)၊ နောက်အပင်ကော…(ဖြစ်ဖို့ပါဘုရား)။

**အစေးလောင်သေရင် အပါယ်ပင်ချည်းပေါက်တယ်**

နောက်အပင်ကလဲ ဒီအစေးလောင်လို့ သေရတဲ့အပင် မှန်သရွေ့ဟာ အပါယ်ပင်ချည်းပေါက်တယ်…။ (မှန်ပါ့)။

ဒီအစေးလောင်လို့ သေတဲ့အပင် ဟူသရွေ့ဟာ… (အပါယ်ပင်ချည်းပေါက်ပါတယ် ဘုရား)။

ကဲ…ဒါဖြင့် နဂိုကမှ အစေးလောင်သေတော့ သေခြင်းဆိုးကိုး…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီဘုရား)။

နောက် အပင်ပေါက်တဲ့အခါကျတော့ အပါယ်ပင်ပဲ ပေါက်နိုင်မယ်၊ သေခြင်းဆိုးသေတာကိုး…။ (မှန်ပါ့)၊ ရှင်းကြပလား…။ (ရှင်းပါပြီဘုရား)။

သေခြင်းဆိုး သေသောကြောင့် ဘာပင် ပေါက်မလဲ… (အပါယ်ပင် ပေါက်ပါမယ်ဘုရား)။

ဩော်…ဒကာ ဒကာမတွေ ဒါပဲ ကြိုးစားနေကြသလားလို့ မေးလို့ရှိရင်၊ မှုသားမပါဘဲနဲ့ပြောလို့ရှိရင် တပည့်တော်တို့ နေပုံထိုင်ပုံဟာ ဒါ ကြိုးစားနေတယ်…။ (မှန်ပါ့)၊ အတော်မဆိုးဘူးလား…။ (ဆိုးပါတယ်ဘုရား)။

သေသေချာချာ စဉ်းစားပါ၊ ပဋိစ္စသမုပ္ပါဒ်နဲ့ဆက်ကြည့်မှ မောင်မြင့်တို့ ရှင်းတယ်…။ (မှန်ပါ့)၊ မောင်အောင်ချိုတို့ ဘယ့်နှယ်တုံး…။ (ရှင်းပါတယ်ဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ်နဲ့ ဆက်ကြည့်လိုက်တော့…(ရှင်းသွားပါတယ်)၊ ဒီအပင် သေအောင်လုပ်တာလဲ ဒီအစေးတွေလောင်တာပဲ…။ (မှန်ပါ့)။

အချို့ လောဘနဲ့ သေသွားတယ်၊ မောင်မြင့် မရှိဘူးလား…။ (ရှိပါတယ်)၊ အစေးလောင်သေတာ။

တချို့ သူ့ဒေါသနဲ့ သူသေသွားတာကော…(ရှိပါတယ်

ဘုရား)၊ တချို့လဲ မသိလိုက် မသိဘာသာ မောဟနဲ့ သေသွားတာကော...(ရှိပါတယ်ဘုရား)။

ဒါ...ဘာလောင်သေတာလဲ...(အစေးလောင်သေတာပါဘုရား)။

အစေးလောင်ပြီးသေပြီးသကာလ ပဋိစ္စသမုပ္ပါဒ်က နောက် အပင်ပြန်ပေါက်ပြန်တယ်...။ (မှန်ပါ့)၊ မပေါက်ဘူးလား...။ (ပေါက်ပါတယ်ဘုရား)။

ဒါဖြင့် သတ်တာက ဒီအစေးပဲ၊ နောက်အပင် ပြန်ပေါက်တာလဲ...(ဒီအစေးပါပဲဘုရား)။

ဒီအစေးပဲဆိုသဖြင့် ဒီအစေးမခန်းသရွေ့ကာလပတ်လုံး ဒီအပင်ဟာ ဒီလိုချည်း ပေါက်,ပေါက်နေမှာပဲ...။ (မှန်ပါ့)၊ ဒီလိုသေပြီးသကာလ ဒီအပင်မျိုးချည်း ပေါက်နေမယ်...။ (မှန်ပါ့)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ဘယ့်လောက် အရေးကြီးသတုံး...။ (ကြီးပါတယ်ဘုရား)၊ အင်မတန် အရေးကြီးတယ်ဆိုတာ ဒကာ ဒကာမတွေ ယနေ့ တရားမှတ်ပါ၊ ခီရရုက္ခောပမသုတ် တဲ့နော်...။ (မှန်ပါ့)၊ အစေးထွက်တဲ့အပင်ကို ငါ ဥပမာပြဟောမယ် ဆိုတော့ ရိပ်မိကြပလား...။ (ရိပ်မိပါပြီဘုရား)။

ဒကာ ဒကာမတွေ အစေးမထွက်တဲ့နေရာနဲ့ အစေးထွက်တဲ့နေရာ ဘယ်နေရာမှာ ခင်ဗျားတို့ စိတ်ကူးကြသတုံးလို့ မေးလို့ရှိရင် မောင်နိုင် မင်းတစ်ယောက်တည်း ရှင်းရှင်း

ပြောစမ်းပါ...။ (အစေးထွက်တဲ့နေရာနေဖို့ စိတ်ကူးပါတယ် ဘုရား)။

ဒါပဲ...(မှန်ပါ)၊ နောက်က ဒကာ ဒကာမတွေ ဟုတ်ပြီလား...။ (မှန်ပါ)။

အစေးထွက်တဲ့ နေရာပဲ နေဖို့ရာ စိတ်ကူးနေတယ်ဆိုတော့ အင်း...ဒါတွေဟာ ဒီအစေးက အပင်ကို သတ်မယ်ဆိုတာလဲ သူ သိရဲ့လား...။ (မသိပါဘုရား)။

မသိဘူး၊ နောက်အပင်ဟာ အပါယ်ပင်တွေ ပေါက်မည့် အစေးတွေပဲဆိုတာကော...(မသိပါဘုရား)။

ကျုပ်တော့ဖြင့် ကျကာမှကျ၊ ခံရုံပဲ၊ ဒါကလေးနဲ့ မခွဲနိုင်ဘူး၊ ခံရုံပဲတဲ့...။ (မှန်ပါဘုရား)၊ ပေလိုက်တဲ့ဖြစ်ခြင်း...(မှန်ပါဘုရား)၊ မပေဘူးလား၊ ပေသလား...။ (ပေပါတယ် ဘုရား)။

သေသေချာချာ စဉ်းစားကြည့်ပါ၊ ဘုန်းကြီးက ကျောင်းကနေ ပြောနေတာလား၊ ခင်ဗျားတို့ဖြစ်စဉ်နဲ့ ကျောင်းကနေ ပြောပေမယ့် ခင်ဗျားတို့ ဖြစ်စဉ်နဲ့ ကိုက်နေတာပဲလား ဆိုတာလဲ အကဲခတ်ပါဦး...။ (ကိုက်ပါတယ် ဘုရား)။

ကိုက်နေတာပဲဆိုတော့ ဒီတရားက မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သဗ္ဗညုတနဝဂ္ဂ သံယုတ်ပါဠိတော်မှာ သေသေချာချာဟောတဲ့ဥစ္စာ၊ ဩော်...တော်တော့ကို

တွေးလုံးသန်တဲ့ ပုဂ္ဂိုလ်မှသာလျှင် ငါဟာ အနေဆိုးတဲ့အထဲ ငါပါနေပါတယ်ဆိုတာ ပေါ်လာတယ်...။ (မှန်ပါဘုရား)။

အစေးများများထွက်နေတဲ့နေရာမှာ...(နေတဲ့အထဲ ပါ,ပါတယ်ဘုရား)၊ ပါနေတယ်နော်။

ဥပမာ ဒီလာပြီး တရားအားထုတ်နေတဲ့ ဒကာ ဒကာမ တွေပဲ ထားပါတော့၊ ရက်တိုတိုနဲ့ ပေါက်ချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်ဟာ လူတိုင်းရှိတယ်...။ (မှန်ပါဘုရား)။

ဘာဖြစ်လို့ ရက်တိုတိုနဲ့ ပေါက်ချင်တာလဲ မေးတော့မှ ဩော်...အစေးထွက်စရာက...(မှန်ပါ)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

အင်း...အစေးထွက်ဖို့ရာက မြန်မြန်ထွက်ချင်သေးတဲ့ သဘောက မရှိဘူးလား...ရှိသလား...။ (ရှိပါတယ် ဘုရား)။

ဒါဖြင့် ဒီအစေးဟာ လောင်တတ်တဲ့ အစေးလို့လဲ မသိဘူး၊ နောက်ထပ် အပင်ဆိုးတွေ ပေါက်မယ်ဆိုတာ ကော... (မသိပါဘုရား)။

မသိတောကိုတဲ့ မောင်နိုင်ရေ၊ တရားဟောရတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးတရား မဟောချင်ဘူး၊ ငါ့တရားက သိပ်နက်တယ်၊ သူတို့အကြိုက်နဲ့ မကိုက်ဘူး...။ (မှန်ပါဘုရား)၊ တစ်ခါတည်း ညည်းမလာဘူးလား...။ (ညည်းပါတယ်ဘုရား)။

အဲဒီမှာ ဗြဟ္မာကြီးက တောင်းပန်လို့ အရှင်ဘုရား

မကြိုက်တဲ့လူလဲ ရှိပါတယ်၊ ကြိုက်တဲ့လူလဲ ပါ,ပါသေးတယ်၊ အဲဒီ ကြိုက်တဲ့လူအတွက်ငဲ့ပြီး ဟောတော်မူပါဦး...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒီထဲကော ဘယ်လိုလူတွေ ငဲ့ဟောနေတယ်ဆိုကော ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

မကြိုက်တဲ့လူလဲ ပါရမှာပဲ...။ (မှန်ပါ့)၊ ကြိုက်တဲ့လူကော...(ပါရမှာပါဘုရား)။

ဘယ်သူ့ ငဲ့ဟောနေရတာလဲ...။ (ကြိုက်တဲ့လူ ငဲ့ဟောနေရတာပါဘုရား)။

ကြိုက်တဲ့လူအတွက် ငဲ့ဟောနေရတာဆိုတော့ မင်းတို့က မောင်နိုင်တို့က တစ်ခါတစ်ခါကျတော့၊ အို...ဘုန်းကြီးများလို မလွယ်ဘူး၊ တပည့်တော်တို့က လာပြီ မောင်နိုင်လာပြီ၊ ဒီအတိုင်းပဲ...။ (မှန်ပါ့)၊ မလွယ်ဘူးဘုရာ့၊ သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ နေရတယ်ဆိုတဲ့ ဥစ္စာက အားတယ် မရှိဘူး၊ ပူရ,ဆွေးရ,နေရတာကို ကလေးနဲ့ သူနေမှာပဲ တော်တယ်ဆိုတော့ အစေး ထွက်တဲ့နေရာမှ သူ ပျော်တယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)။

ဘယ်နေရာ ပျော်ကြသလဲ...။ (အစေးထွက်တဲ့ နေရာ ပျော်ပါတယ်ဘုရား)။

ကိလေသာစေးများ များများမထွက်ရလို့ရှိရင်ဖြင့် သားတွေ, သမီးတွေ, မြေးတွေ, မြစ်တွေက ဆွဲကုန်လို့

ရှိရင် လိုက်ဦးမယ်...။ (မှန်ပါ့)၊ ဘာဖြစ်လို့တုံး...။ (အစေးများများ မထွက်ရလို့ပါ)၊ ခပ်ခြောက်ခြောက်ဖြစ်နေလို့...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

အင်း...လိုက်ဦးမယ်ဆိုတော့ ဟိုမှာ အစေးထွက်ရတာ သူ ကျေနပ်နေတယ်၊ ဒီအစေးက ဒီအပင်ပေါက်မယ်ဆိုတာ ကော...(မသိပါဘုရား)၊ သေချာတော့ သေချာတယ်...။ (သေချာပါတယ်ဘုရား)။

သတ်မှာကတော့...(သေချာပါတယ်)၊ သတ်မှာက တော့ သေချာပါတယ်၊ နောက် မကောင်းပင် ပေါက်မယ် ဆိုတာကော...(သေချာပါတယ်ဘုရား)။

သေချာတာကို ဒီ...နှစ်ခုကို ယနေ့ည ရှင်းရှင်းမှတ်ပါ...။ (မှန်ပါ့)၊ နောက်တော့ ဝိပဿနာနဲ့ သိမ်းပေးမပေါ့...။ (မှန်ပါ့)။

ကဲ...မင်းတို့ဖြစ်စဉ်တွေ ဘယ့်နှယ်တုံးဟေ့၊ ကိုက်ကြရဲ့လား...။ (ကိုက်ပါတယ်ဘုရား)။

## အစေး မခြောက်သရွေ့ နိဗ္ဗာန်မရောက်

ဒါဖြင့် ဒီအစေးမခြောက်သရွေ့ နိဗ္ဗာန်မရောက်... ဆိုတာ ...(မှန်ပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဒီအပင်က စ,ပြီး အစေးထွက်တော့

ဒီက ပဋိစ္စသမုပ္ပါဒ် စကားကို...။ (မှန်ပါဘုရား)၊ ပေါ် ပလား...။ (ပေါ်ပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်သည် အစေးထွက်-ထွက်ချင်း စ,တာ ပဲ...။ (မှန်ပါ)။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာပါလိမ့်...။ (အစေးထွက်- ထွက်ချင်း စ,တာပါဘုရား)။

အစေး ထွက်-ထွက်ချင်း ပဋိစ္စသမုပ္ပါဒ်၊ အလယ်က ရင်လဲ ထွက်ချင်ထွက်လာတယ်...။ (မှန်ပါ)၊ အဆုံးက စ,ပြီးတော့...(ထွက်ချင်ထွက်ပါတယ်)၊အစက စ,ပြီးတော့... (ထွက်ချင်ထွက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်အစ ခန္ဓာပင် က ထွက်တာ...(မှန်ပါ)၊ ပေါ်ပလား...။ (ပေါ်ပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်အစ...(ခန္ဓာပင်က ထွက်တာပါ)၊ ခန္ဓာ ပင်က ထွက်တဲ့ အစေး....။ (မှန်ပါ)။

ခန္ဓာပင်က ထွက်တဲ့ အစေးဆိုတော့ ဒါကြောင့် မောင်နိုင် လူငယ်နဲ့ လူကြီး ဘယ်သူ ပိုမိုက်သတုံး မေးတဲ့ အခါကျတော့ မင်းတို့က အို...လူကြီးက ဗဟုသုတ များတာ ပေါ့ဘုရား။

သူ့ဗဟုသုတက သံယောဇဉ်ဘက်ကပဟာတွေ များနေ တာကို...။ (မှန်ပါဘုရား)။

ဘာတွေ များနေသတုံး...။ (သံယောဇဉ်တွေ များနေတာပါဘုရား)။

ငယ်ငယ်တုန်းက ဒါလောက် သံယောဇဉ်မရှိဘူး...။ (မှန်ပါ့)။

ခုတော့ သားတွေ, သမီးတွေ လည်ပတ်နေတယ်၊ ကျုပ်တို့ စိတ်ချတော့ဆိုပေမယ့်လဲ သူ့ဗဟုသုတက ကြီးလာတော့ အို...ဘယ်သူ့သား ဘာဖြစ်သတဲ့၊ ဘယ်သူ့သမီး ဘာဖြစ်သတဲ့၊ အဲဒီ ဗဟုသုတတွေက စုံနေတာကိုး...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ရိပ်မိတော့ သူတို့မှာ အစေးက နဂိုက မထွက်တတ်တာတွေတောင်...(ထွက်ပါတယ်)၊ ထွက်လာတယ်ဆိုတာ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ရိပ်မိတော့ သူတို့မှာ အစေးက နဂိုက မထွက်တတ်တာတွေတောင်...(ထွက်ပါတယ်)၊ ထွက်လာတယ်ဆိုတာ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

**အစေးထွက်တဲ့ ဗဟုသုတက များနေတယ်**

အဲဒါ ဗဟုသုတများနေတာပဲ၊ အစေးထွက် ဗဟုသုတများနေတာပဲ...။ (မှန်ပါ့)၊ အစေးသိမ်းက မပါဘူး...။ (မပါ, ပါဘုရား)၊ ပါရဲ့လား...။ (မပါ,ပါဘုရား)။

ဒါ...လူကြီးတွေ စောင်းပေါ်နေတယ်လို့များ

အောက်မေ့မနေနဲ့နော်...။ (မှန်ပါ့)၊ ဖြစ်စဉ်က ဒီအတိုင်း ဖြစ်နေလို့ နဂိုက အစေးမထွက်ရလို့ရှိရင် မောင်မြင့် ကျေနပ်တဲ့ သဘောမျိုး ရှိပါရဲ့လား...။ (မရှိပါဘုရား)။

သူများက ဒီလို အစေးမထွက်လို့ရှိတာတောင် နောက် က ဒကာ ဒကာမတွေ တချို့က ကဲ့ရဲ့သေးတယ်၊ နေနိုင် လိုက်တာ သူတို့တဲ့...။ (မှန်ပါ့)၊ ဘယ်သူ့ကဲ့ရဲ့တာလဲ...။ (အစေးမထွက်တဲ့လူ ကဲ့ရဲ့တာပါဘုရား)။

အစေးမထွက်တဲ့ ပုဂ္ဂိုလ်ကို ကဲ့ရဲ့တာ၊ ဟိုက သူတော် ကောင်း၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

အဲဒီပုဂ္ဂိုလ် ဘာခံရသလဲ...။ (ကဲ့ရဲ့ ခံရပါတယ် ဘုရား)။

အံမာလေး...အစေးထွက်တဲ့ပုဂ္ဂိုလ်က အစေးငြိမ်းတဲ့ ပုဂ္ဂိုလ်ကို တစ်ခါတည်း ကဲ့ရဲ့ပြီး သကာလများ နေလိုက် သေးတယ်ဆိုတော့ ဘုရားကို ပုတ်ခတ်တာနဲ့ အတူတူကျ နေတယ်...။ (မှန်ပါ့)၊ မကျဘူးလား...။ (ကျပါတယ် ဘုရား)၊ ရိပ်မိကြပလား...။ (ရိပ်မိပါပြီဘုရား)။

ဩော်...ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ အလွဲတတ်ထားတာကိုး...။ (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်...။ (အလွဲတတ်ထားပါတယ် ဘုရား)။

အလွဲတတ်ထားတာ၊ အစေးထွက်တဲ့ အလုပ်ဆိုရင်

အကုန်တတ်တယ်...။ (မှန်ပါ)၊ အစေးသိမ်းတဲ့အလုပ်ဆိုရင် တစ်စက်မှ မပါဘူး...။ (မှန်ပါ)၊ ပါရဲ့လား...။ (မပါ,ပါ ဘုရား)။

**အစေးထွက်တဲ့နည်းတွေ သင်ထားတယ်**

အံမာလေး...ကြောက်စရာကြီးပါကလား၊ ဒကာ ဒကာမတို့ ဘယ်ကများ ခင်ဗျားတို့ ရ,ထားပါလိမ့်၊ အစေး ထွက်တဲ့ နည်းတွေ သဘောကျပလား...။ (ကျပါပြီဘုရား)။

ရပ်ရွာထဲမှာ ပတ်ဝန်းကျင်က သင်တာ...။ (မှန်ပါ)၊ ဖြီးတော့ကို မသိတဲ့ ရှေးလူကြီးတွေက သင်ထားတယ်...။ (မှန်ပါ)။

ကလေး ဒီလို မွေးရတယ်၊ ဒီလို စိုးရိမ်ရတယ်၊ ဒီလို ကြောင့်ကြရတယ်၊ ဒီလို ပစ်မထားရဘူး၊ ဟော...မလာဘူး လား၊ လာသလား...။ (လာပါတယ်ဘုရား)။

အဲဒါနဲ့ပဲ ဒီအစေးထွက်တဲ့နည်းတွေ ဘယ့်နှယ်တုံး...။ (တတ်ပါတယ်ဘုရား)၊ တတ်ကုန်တာပဲ၊ တတ်ကုန်တော့ ဒီအပင်ပဲ မသေဘူးလား...။ (သေပါတယ်ဘုရား)၊ နောက် အပင်ကော...(ပေါက်ပါတယ်ဘုရား)။

ဘယ်သူ့ကြောင့် ပေါက်တာတုံး...။ (အစေးကြောင့် ပါ)၊အစေးကြောင့်ပေါက်တာ၊အစေးဘယ်ကထွက်သတုံး...။ (အပင်က ထွက်ပါတယ်ဘုရား)၊ အပင်က ထွက်တယ်။

ထွက်အောင် ဘယ်သူက လုပ်သတုံးဆိုတော့ သူကိုယ်တိုင်က ဓားထဲတိုးတယ်…။ (မှန်ပါ့)၊ ရိပ်မိပလား…။ (ရိပ်မိပါပြီဘုရား)။

သူကိုယ်တိုင်က…(ဓားထဲ တိုးပါတယ်)၊ အင်း… ဓားမလာလို့ရှိရင် ခုတ်စမ်းပါ ထဲက…(မှန်ပါ့)၊ ရိပ်မိကြပလား…။ (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဘုရားသခင်ကိုတော်မြတ်ကြီး မောင်မြင့်တို့၊ မောင်အောင်ချိတို့ တရားမဟောချင်ဘူးဆိုတာ မင်းတို့က အစေးမထွက်ရတဲ့နေ့မှာ မကျေနပ်ဘူး…။ (မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

ဘယ်လိုတုံး…။ (အစေးမထွက်ရတဲ့နေ့မှာ မကျေနပ်ပါဘုရား)။

ဒီနေ့ နေရတာ သားကလဲ မရှိ၊ သမီးတွေကလဲ မရှိ၊ အကုန် ကျောင်းတွေ,ဘာတွေ သွားလာကုန်ကြတော့ အိမ်နေရတာ ယောင်ခြောက်ဆယ်ကြီး၊. ဟော…အစေးမထွက်ရလို့…။ (မှန်ပါ့)၊ ရိပ်မိပလား…။ (ရိပ်မိပါပြီဘုရား)။

**ပြုံးတာလဲ အစေးထွက်တာ**

ဘာတဲ့တုံး…။ (အစေး မထွက်ရလို့ပါ)၊ ဘယ်သူ့မှလဲ ဒေါသနဲ့ မအော်ရဘူး၊ ဘယ်သူ့အတွက်မှလဲ ပြုံးစရာကလဲ မရှိဘူး။

ပြီးတာလဲ အစေးထွက်တာကို:…။ (မှန်ပါ)၊ မဲ့တာကော…(အစေးထွက်တာပါဘုရား)။

အဲဒီတော့ အစေးမထွက်ရရင် ဘာတဲ့တုံး…။ (မကျေနပ်ပါဘုရား)။

ပျင်းခြောက်ကြီး ဖြစ်နေတယ်ဆိုတော့ ကဲ…ဒါဖြင့် သံသရာမဆက်ရရင် ဘာတဲ့တုံး…။ (မကျေနပ်ပါဘုရား)၊ ပျင်းခြောက်ကြီးဖြစ်နေတယ်…။ (မှန်ပါ)၊ ရိပ်မိပလား…။ (ရိပ်မိပါပြီ)။

ဒေါ်အုန်းမေကြီးတို့ သဘောပါရဲ့လား…။ (ပါ,ပါတယ် ဘုရား)။

ဘယ့်နှယ်တုံး၊ အံစေးများ ထွက်ချင်သေးသလား…။ (မထွက်ချင်ပါဘုရား)။

**အင်မတန်မှန်တဲ့တရားမို့ ပြောနေတာ**

မထွက်ချင်တော့ဘူး၊ နေရာကျပါပြီတဲ့၊ ဒါဟာ အင်မတန် မှန်တဲ့ တရားမို့ မောင်နိုင် ဒီလောက် ပြောနေတာ…။ (မှန်ပါ)။

ခီရရက္ခောပမသုတ် ဆိုတဲ့ဥစ္စာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး အလွန်အရေးကြီးပြီးသကာလ ဟောပါတယ်တဲ့၊ ဒီအစေးမခန်းသရွေ့ ဒီအပင်ဟာဖြင့် သေပွဲဇာတ်မသိမ်းပါဘူး…။ (မှန်ပါ)။

ဒီအစေးမခန်းရင်...(ဒီအပင် အသေဇာတ်မသိမ်းပါဘုရား)၊ ရိပ်မိကြပလား...။ (ရိပ်မိပါပြီဘုရား)။

ဒီအစေးမခန်းသရွေ့ ဒကာ ဒကာမတို့...(ဒီအပင် အသေဇာတ် မသိမ်းပါဘုရား)။

ကဲ...ဒါဖြင့် ခင်ဗျားတို့ ဒါန,လောက်နဲ့ ဝေးပါသေးတယ်၊ နိဗ္ဗာန်ရောက်ဖို့...(မှန်ပါ)။

ဘယ့်နှယ်ဆိုကြမယ်...။ (ဝေးပါတယ်ဘုရား)။

ဒီအစေးတွေက ဒီအပင်ကိုလဲ သတ်မယ်၊ နောက်အပင်လဲ သတ်မယ်ဆိုပါတော့၊ ဒါန, သီလလောက်နဲ့ အားကိုးလို့ ရပါ့မလား...။ (မရပါဘုရား)။

ကဲ...ခင်ဗျားတို့က နဂိုတုန်းကတော့ ကိုယ့်နှာထားတဲ့ တရားကလေးက သာမည အောက်တန်းတရားကလေး ဖြစ်နေတော့ မောင်နိုင် ကိုယ့်ဟာကိုယ် အတော်ကလေး အားကိုးတယ်...။ (မှန်ပါ့ဘုရား)။

**ဒါန, သီလက မကယ်နိုင်ဘူး**

အခု သေသေချာချာ ခန္ဓာက အစေးထွက်တာကို ဟောလိုက်တဲ့အခါကျတော့ ဟို ဒါနကလဲ မကယ်နိုင်တော့ဘူး...။ (မှန်ပါ)၊ ကယ်နိုင်သေးရဲ့လား...။ (မကယ်နိုင်ပါဘုရား)။

မကယ်နိုင်ဘူး၊ ကိုယ့်အစေးနဲ့ကိုယ်သေ...။ (မှန်ပါ)၊

ရှင်းပလား…။ (ရှင်းပါပြီ)၊ ကိုယ်အစေးနဲ့ကိုယ်ပဲ၊ နောက် အပင်ပေါက်ဆိုတော့ မောင်အောင်ချိုတို့၊ မောင်မြင့်တို့ ဒါန, သီလနဲ့ ဘာဆိုင်သတုံးကွ…။ (မဆိုင်ပါဘုရား)။

သေသေချာချာ ဉာဏ်ထဲရောက်ကဲ့လား…။ (ရောက် ပါတယ်)၊ ဒါ ဘယ်က ထွက်တဲ့ အစေးပါလိမ့်…။ (ခန္ဓာ ပင်ကပါဘုရား)။

ခန္ဓာက ထွက်တဲ့ အစေးကွ၊ ဘယ်သူ့သတ်သတုံး…။ (ခန္ဓာကိုယ် ပြန်သတ်ပါတယ်ဘုရား)။

ခန္ဓာသတ်မယ်၊ နောက်အပင် ပေါက်ပြန်တော့ကော… (ခန္ဓာပဲ ပေါက်ပါတယ်)၊ ဒီအစေးကြောင့်ပဲ ပြန်ပေါက် တာပဲ…။ (မှန်ပါ့)၊ ဒီအစေးက ပဋိစ္စသမုပ္ပါဒ်ဖြစ်ပြီး ပေါက် တယ်…။ (မှန်ပါ့)၊ ရိပ်မိကြပလား…။ (ရိပ်မိပါပြီဘုရား)။

ဇာတိ, ဇာတိ, ဇာတိဆိုပြီး လာပြန်တယ်…။ (မှန်ပါ့)၊ မလာပေဘူးလား…။ (လာပါတယ်ဘုရား)။

ကိုင်း…ဒါဖြင့် ခင်ဗျားတို့ အားကိုးနေတာကလေးဟာ အစေးခန်းအောင်လုပ်တာမှ အားကိုးရာအစစ်…။ (မှန်ပါ့ ဘုရား)၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

အစေးခန်းအောင်လုပ်တဲ့အလုပ်မှ…(အားကိုးရာအစစ် ပါ ဘုရား)။

အားကိုးရာ အစစ်–တဲ့၊ အစေးမခန်းတဲ့ အလုပ်ဟူ သရွေ့ဟာသဖြင့် ဒကာ ဒကာမတို့ အစေးထွက်ပြီးသကာလ

ဒီအပင်သေမှုပဲ…။ (မှန်ပါ)၊ နောက်အပင်ပေါက်မှုပဲ…။ (မှန်ပါ)၊ မလာဘူးလား…။ (လာပါတယ်ဘုရား)။

ဒီအပင်သေမှုဆိုတာလဲ ဒုက္ခသစ္စာ…။ (မှန်ပါ)၊ နောက် အပင် စ,ပေါက်မှုဆိုတာကော…(ဒုက္ခသစ္စာပါ)။

ဒါဖြင့် ဒီဒုက္ခသစ္စာနှစ်ခု ဘယ်က လာသတုံးလို့ မောင်အောင်ချိတို့၊ မောင်မြင့်တို့ တွေးစမ်း…။ (ခန္ဓာက လာပါတယ်)၊ မလာနဲ့၊ အစေးက လာတယ်…။ (မှန်ပါ ဘုရား)။

အစေးက လာတယ်၊ အစေးဘယ်က လာသတုံးဆိုမှ… (ခန္ဓာက လာပါတယ်)၊ ခန္ဓာက လာတယ်။

ခန္ဓာက ခန္ဓာတိုင်းက လာသလား၊ အစေးခြောက်နေတဲ့ အပင်က လာသလား၊ အစေးစိုနေတဲ့အပင်က လာသလား…။ (အစေးစိုနေတဲ့အပင်က လာပါတယ်)၊ ဘုရား ရဟန္တာခန္ဓာကျတော့ မလာဘူး…။ (မှန်ပါ)၊ ရိပ်မိပလား…,။ (ရိပ်မိပါပြီဘုရား)။

ဩော်…ဒါဖြင့် အိမ်ပြန်လို့ရှိရင် ဘယ်အစေးက စ, ထွက်သတုံးဆိုတာ ခင်ဗျားတို့ သေသေချာချာတွေး…။ (မှန်ပါဘုရား)။

တွေးလိုက်လို့ပေါ်၊ ပေါ်ရာက သတ်လိမ့်မယ်…။ (မှန်ပါ)၊ သတ်ပြီးနောက် အပင်ပေါက်လိမ့်မဟော့ဆိုတာကော ငြင်းဖို့ လိုသေးသလား…။ (မလိုပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ မျက်လုံးကလေးဖွင့်လိုက်မှာ သိပ်ကြောက်တယ် ဘုရားက...(မှန်ပါ့)၊ မကြောက်ပေဘူးလား...။ (ကြောက်ပါတယ်ဘုရား)။

မျက်လုံးဖွင့်ရင် တစ်ခုခုနဲ့ တိုက်တော့မယ်...။ (မှန်ပါ့)၊ မတိုက်ပေဘူးလား...။ (တိုက်ပါတယ်ဘုရား)။

ဘယ်သူ မရှိဘူးလား၊ ဒီအချိန်တောင် မပြန်သေးဘူးလား၊ ဟ...အစေးထွက်ပြီ၊ မထွက်သေးဘူးလား...ထွက်သလား...။ (ထွက်ပါတယ်ဘုရား)။

အေး...လာတော့လာမှာပဲ၊ လာပေမယ့်လဲ ကိုယ်က စိုးရိမ်တတ်တယ်ဆိုတော့ အစေးထွက်ပလား...မထွက်သေးဘူးလား...။ (ထွက်ပါပြီဘုရား)။

ကိုင်း...ဒါဖြင့် မျက်လုံးဖွင့်လိုက်ရင် အစေးထွက်ပြီ...။ (မှန်ပါ့)၊ နားက ထောင်လိုက်ရင်ကော...(အစေးထွက်ပါပြီဘုရား)၊ နှာခေါင်းဖွင့်လိုက်ရင်ကော...(အစေးထွက်ပါပြီ)၊ လျှာနဲ့ စားလိုက်ရင်ကော...(အစေးထွက်ပါပြီ)၊ ကိုယ်ပေါ် ခြုံလိုက် ရုံလိုက်ရင်ကော...(အစေးထွက်ပါပြီ)၊ နဖူးပေါ် လက်တင်ပြီး ဝမ်းထဲ ကြံလိုက် စည်လိုက်ရင်ကော...(အစေးထွက်ပါပြီ)။

အံမာလေး...ထွက်လို့မပြီးနိုင်ဘူး...။ (မှန်ပါ့)၊ ပြီးနိုင်စရာရှိသေးရဲ့လား...။ (မရှိပါဘုရား)။

အဲ့ဒါကြောင့် ခင်ဗျားတို့ မြတ်စွာဘုရားသခင်ကိုယ်

တော်မြတ်ကြီးဟာ မောင်နိုင် တယ်မြင်ပါကလားဆိုတာ ပေါ်လာတယ်...။ (မှန်ပါ့ဘုရား)။

မင်းတို့ ဒီတရားကို မနာဖူးသေးပါဘူး...။ (မနာဖူး သေးပါ ဘုရား)။

**ခင်တယ်ဆိုတာ အစေးချင်း လိမ်နေတာ**

ဒါဖြင့် ဒကာ ဒကာမတို့ တစ်ယောက်နဲ့တစ်ယောက် ခင်တယ်ဆိုတာ အစေးချင်းလိမ်နေတာ...။ (မှန်ပါ့ဘုရား)။

တစ်ယောက်နဲ့တစ်ယောက် ခင်တယ်ဆိုတာ...(အစေး ချင်း လိမ်နေတာပါဘုရား)။

သူ့အပင် ကိုယ်က သတ်...(မှန်ပါ့)၊ကိုယ့်အပင်... (သူက သပဲ့ပါ ဘုရား)။

သူက သတ်ဆိုတော့ ဒကာ ဒကာမတို့ ဒါလဲ တစ်မျိုး အရပ်ဆိုးတာပဲဆိုတာကော ပေါ်ကြပလား...။ (ပေါ်ပါပြီ)၊ မပေါ်သေးဘူးလား...။ (ပေါ်ပါပြီ)၊ ရှင်းကြပလား...။ (ရှင်း ပါပြီ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီအစေးဟာ ဘာအစေးတုံး မေး တော့မှ ယနေ့ ထူးထူးခြားခြား ပဋိစ္စသမုပ္ပါဒ်အစ အစေး... (မှန်ပါ့ဘုရား)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဘာအစေးပါလိမ့်...။ (ပဋိစ္စသမုပ္ပါဒ်အစ, အစေးပါ ဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်အစ, အစေးဖြစ်ခဲ့လို့ရှိရင်ဖြင့် ပဋိစ္စသမုပ္ပါဒ်အဆုံးကို မောင်နိုင်က ရွတ်ကြည့်...(မှန်ပါ့)၊ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ...(မှန်ပါ့ဘုရား)။

ရွတ်စမ်း...(ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ)၊ ဒါ အဆုံး မဟုတ်လား...၊ အစကတော့ဖြင့် ခန္ဓာကိုယ်ထဲ ခုတ်မိ နေတဲ့ နေရာ အစေးဟာအစ...(မှန်ပါ့)၊ ဒီအစက "ဒုက္ခ သမုဒယော ဟောတိ"မဟုတ်ဘူးလား...။ (မှန်ပါ့)၊ သဘော ကျပလား...။ (ကျပါပြီ)။

ကဲ...ဒါဖြင့် ဒီအစက ဒုက္ခသမုဒယဖြစ်တော့ ဒုက္ခ သမုဒယဆိုတာ ဒုက္ခအကြောင်း...(မှန်ပါ့)၊ ဟိုဘက်မှာ အစုကြီး ဒုက္ခကြီးက ဒုက္ခက္ခန္ဓဿဆိုတဲ့ အစုကြီး မလာ ဘူးလား...။ (လာပါတယ်ဘုရား)။

အဲ..."ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"ဆိုတော့ ဒီဘက် ဒုက္ခက္ခန္ဓဿ အသေးကလေးရှိသေးတယ်...။ (မှန်ပါ့)၊ ဟိုမှာ သွားပြီး ဖြစ်ရမည့် အစုကြီးကတော့ နည်း သလား...။ (မနည်းပါဘုရား)။

ဒါဖြင့် ဒီဘက်က အစေးက ဒုက္ခက္ခန္ဓဿ အစ... (မှန်ပါ့)၊ **နောက်** အကျိုးပေးမှာကြီးက...(ဒုက္ခက္ခန္ဓဿ အဆုံး)၊ သဘောကျပလား...။ (ကျပါပြီ ဘုရား)။

ဒုက္ခက=ဒုက္ခ၊ ခန္ဓာက=အစု၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

ဒါဖြင့် ဒီ ဒကာ ဒကာမတွေမှာ ခင်ဗျား စ,လဲစ,တတ် ပါပေတယ်၊ အများကြီးကလဲ ရချင်သေးလို့ပဲ...။ (မှန်ပါ)၊ ဆိုနိုင် မဆိုင်...(ဆိုနိုင်ပါတယ်ဘုရား)။

ဒီ သမုဒယသစ္စာဆိုတဲ့ ခန္ဓာကြီး မာနစေးကလေး စ,လိုက်-စ,လိုက်၊ ဒေါသစေးကလေး စ,လိုက်-စ,လိုက်၊ လောဘစေးကလေး စ,လိုက်-စ,လိုက်၊ မောင်မြင့် ဒါ ပဋိစ္စ သမုပ္ပါဒ်စ,တာပဲ...။(မှန်ပါ)၊ရှင်းပလား...။(ရှင်းပါပြီဘုရား)။

ကဲ...မောင်အောင်ချိတို့ သဘောကျရဲ့လား...။ (ကျပါ တယ် ဘုရား)။

**အစေးထွက်တာ ဒုက္ခဖြစ်ကြောင်း**

ကျလို့ရှိရင် နောက်ဆုံးပိတ် အဆုံးပြောလိုက်ကွာ၊ ဘာတဲ့တုံး...။(ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိပါဘုရား)။

ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊ ဟုက်လား၊ ဒုက္ခ အစုကြီးဖြစ်၏...။ (မှန်ပါဘုရား)။

ဒီအစေးထွက်လာလို့ရှိရင် ဒုက္ခသမုဒယော ဟောတိ၊ ဒုက္ခဖြစ်ကြောင်း ပေါ်ပြီ...။ (မှန်ပါ)။

အစေးထွက်လာရင်...(ဒုက္ခဖြစ်ကြောင်း ပေါ်ပါပြီ)၊ ဒုက္ခသမုဒယော ဟုတ်လား...။ (မှန်ပါ)၊ အစေးကို ခင်ဗျား တို့ မရပ်စဲနိုင်လို့ရှိရင် ဒုက္ခက္ခန္ဓဿ သဘောကျပလား...။ (ကျပါပြီ)။

အစေးထွက်လာရင်...(ဒုက္ခသမုဒယောပါ)၊ ဒုက္ခသမုဒယော။

သွားလိုက်လို့ သူဟာ ဒီအတိုင်း ရပ်လို့ ရသေးရဲ့လား...။ (မရပါဘုရား)။

မရတော့ သူ...ဘယ်ကျမှ ရပ်စဲမယ် ထင်သတုံး... မေးတော့...(ဒုက္ခက္ခန္ဓသပါဘုရား)။

ဒုက္ခက္ခန္ဓသက ဒုက္ခအစုကြီး၊ ဒုက္ခအကြီးကြီးဖြစ်မှ အကြီးကြီး ကျအောင် သူ အကျိုးပေးမယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

**အင်မတန် စကားကြီးတယ်**

ဒါဖြင့် ဒုက္ခသမုဒယကော မငြိမ်းသရွေ့ ဒုက္ခက္ခန္ဓသ ဇာတ်မသိမ်းဘူး...။ (မှန်ပါ့)။

ဒုက္ခသမုဒယော မသိမ်းသရွေ့...(ဒုက္ခက္ခန္ဓသ ဇာတ် မသိမ်းပါဘုရား)။

ဒါ...အင်မတန် စကားကြီးတယ်လို့ မောင်မြင့် မှတ်လိုက်စမ်းပါ...။ (မှန်ပါ့)။

အစေးထွက်တာဟာ ဒုက္ခသမုဒယော...(မှန်ပါ့)၊ ဒုက္ခက ဒုက္ခ၊ သမုဒယောက ဖြစ်ကြောင်း...(မှန်ပါ့)။

အစေးထွက်လာရင်...(ဒုက္ခသမုဒယောပါ ဘုရား)။

ဘယ်ကျအောင် သွားမယ်ထင်သလဲ...။ (ဒုက္ခက္ခန္ဓသ

ကျအောင်ပါ)၊ ဒုက္ခက္ခန္ဓသာ ကျအောင်သွားမယ်...။ (မှန်ပါ)၊ ဒုက္ခအစုကြီးကျအောင်သွားမယ်။

အစေးထွက်လာရင် ဘာပါလိမ့်...။ (ဒုက္ခသမုဒယော ပါ ဘုရား)။

ဒုက္ခသမုဒယော...ဒုက္ခက=ဒုက္ခ၊ သမုဒယောက= ဖြစ်ကြောင်း။

အစေးထွက်လာတယ်...။ (ဒုက္ခသမုဒယောပါဘုရား)။

နောက် ဘာတွေ အမြတ်တွေ ထွက်မတုံး...။ (ဒုက္ခက္ခန္ဓသာပါ)၊ ဒုက္ခက္ခန္ဓသာ၊ သဘောကျပလား...။ (ကျ ပါပြီဘုရား)။

ကဲ...မောင်မြင့်တို့၊ မောင်အောင်ချိုတို့ မင်းတို့ ငယ်လဲ ငယ်သေးတယ်၊ ဒီအစေးဟာ ထွက်လာကတည်းက မျိုးစေ့ ကောင်းမကောင်း...(မကောင်းပါဘုရား)။

သူ့ ပေါက်လာမည့်ဒုက္ခအစုကြီးဟာကော...(မကောင်း ပါဘုရား)။

မကောင်းတော့ ဒီအစေး ဘယ်က ထွက်၊ ဒီအပင်က ထွက်၊ ဒီအပင်က ထွက်ချင်လို့ ထွက်တာလားဆိုတော့ ခုတ်လို့ ထွက်တယ်...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒီအပင်က ထွက်ချင်လို့ ထွက်ရတာလား...။ (ခုတ် လို့ ထွက်ရတာပါဘုရား)။

ခုတ်အောင် ဒီတောထဲ ဘယ်သူတိုးသတုံးဆိုတော့ ဒီအပင်က တိုးတယ်...။ (မှန်ပါ့)၊ ဒီအပင်က မတိုးဘူးလား...။ (တိုးပါတယ်ဘုရား)။

ဟာ...ဒီနေရာ နေစမ်းပါ လွတ်လွတ်ကင်းကင်း၊ နင့်ကို ခုတ်မည့်သူ မရှိပါဘူးဆိုလို့ရှိရင် ပြေးချင်တာက ခုတ်မည့်သူ့ဆီကို...(မှန်ပါ့)။

ဘယ့်နှယ်တုံး...။ (ခုတ်မည့်သူ့ဆီ ပြေးချင်တာပါပဲဘုရား)။

သူ ခြေလျင်သွားရတာတောင် အခုတ်ခံရမှာနှေးမှာစိုးလို့ မော်တော်ကားတောင်မှ နှေးတယ် ထင်သေးတယ်...။ (မှန်ပါ့)၊ ကိုယ်အခုတ်ခံချင်တာက စောနေတယ်...။ (မှန်ပါ့)၊ သဘောပါကြပလား...။ (ပါ,ပါတယ်ဘုရား)၊ ရှင်းကြရဲ့လား...။ (ရှင်းပါတယ်ဘုရား)။

ကိုင်း...ဒါဖြင့် ခင်ဗျားတို့၏အဖြစ်ကဖြင့် ဪ... မသိဆိုးရှားလိုက်တာ...။ (မှန်ပါ့)။

မောင်နိုင်...ဆိုထိုက် မဆိုထိုက်...။ (ဆိုထိုက်ပါတယ်ဘုရား)။

မသိဆိုးရှားလိုက်တာဆိုတဲ့စကား ငြင်းဖို့များ လိုသေးသလား...။ (မလိုပါဘုရား)။

ကိုင်း...ဒါဖြင့် ဒီအစေးမထွက်အောင် ဘယ့်နှယ်လုပ်

ပါ့မတုံးလို့ မေးတဲ့အခါကျတော့ကိုတဲ့၊ ဒကာ ဒကာမတို့ ဒီအပင်ထဲမှာကို အစေးမရှိအောင် လုပ်တတ်တဲ့နည်း အရေး ကြီးတယ်…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီ ဘုရား)။

ဒီအပင်ဟာ နဂိုကတော့ အစေးတော့ ရှိတာပဲ၊ အစေး မရှိအောင်လုပ်ဖို့ နည်းကို မရသရွေ့ကာလပတ်လုံး ခုတ် တိုင်း ထွက်နေမှာပဲ…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီ ဘုရား)။

ဘာနည်းလိုသလဲ…။ (အစေးမထွက်တဲ့ နည်းပါ)၊ အစေးမထွက်တဲ့ နည်း လိုတယ်၊ ရှင်းပလား…။ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် အစေးမထွက်တဲ့နည်း လိုတယ်ဆိုတော့ ဒီအထဲ တွင် ကိလေသာ ပြုပြီး ငြိမ်းရမယ်…။ (မှန်ပါ့)။

ကိလေသာစေး ခန္ဓာထဲတွင် ငြိမ်းရမယ်…။ (မှန်ပါ့)၊ အပြင် မထွက်ရဘူး။

**အစေးခန်းတဲ့ သစ်ဝင်**

ခုတ်လိုက်လဲ မထွက်နိုင်တော့ဘူး…။ (မှန်ပါ့)၊ ဒီအထဲ တွင် ငြိမ်းအောင်လုပ်ရင်…(မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီဘုရား)။

ဒါဖြင့် မောင်မြင့်တို့ ဒီခန္ဓာထဲတွင် အစေးဟာ နဂိုက

အောင်းနေတယ်…။ (မှန်ပါ့)၊ ဒီအထဲတွင် ငြိမ်းသွားရင် ဘယ်လိုခုတ်ခုတ်…(မထွက်တော့ပါဘုရား)။

ဘုရား ရဟန္တာများလဲ သူသေနဲ့လဲ တွေ့တာပဲ၊ ဓားပြနဲ့လဲ တွေ့တာပဲ၊ မတွေ့ဘူးလား…။ (တွေ့ပါတယ်ဘုရား)၊ ဟို ကျောက်မောင်းဆင်ချတာနဲ့လဲ တွေ့တာပဲ…။ (တွေ့ပါတယ် ဘုရား)။

သို့သော်…သူတို့မှာ ဒီအတွက်နဲ့ပတ်သက်ပြီးသကာလ ပဋိစ္စသမုပ္ပါဒ် စ,သေးရဲ့လား…။ (မစ,ပါဘုရား)၊ ဒုက္ခသမုဒယော လာသေးရဲ့လား…။ (မလာပါဘုရား)၊ မလာတော့ ဒုက္ခက္ခန္ဓသ လာနိုင်သေးရဲ့လား…။ (မလာနိုင်ပါဘုရား)။

ဩော်…ဒါ ဘာကြောင့် အစေးခန်းတဲ့သစ်ပင် ဖြစ်သွားလို့…(မှန်ပါ့)၊ ရိပ်မိကြပလား…။ (ရိပ်မိပါပြီဘုရား)။

ဘာတဲ့တုံး…။ (အစေးခန်းတဲ့သစ်ပင် ဖြစ်သွားလို့ပါဘုရား)။

ဒါဖြင့် ဒီနေ့တရား ဘာအရေးကြီးပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ အစေးတော့ တပည့်တော်တို့က အံ့ခွနေပြီဘုရား ထွတ်တတ်တာ…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီဘုရား)၊ အစေးသိမ်းတဲ့နည်း လိုသေးတယ်…။ (မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

## အစေးသိမ်းတဲ့နည်း

ဘာသိမ်းတဲ့ နည်းပါလိမ့်...။ (အစေးသိမ်းတဲ့နည်းပါ ဘုရား)။

အဲ...အစေးသိမ်းတဲ့နည်း ရအောင်ဆိုတော့ လွယ်ပါ တယ်တဲ့၊ အစေးသိမ်းတဲ့နည်းဆိုတာ တခြား မဟုတ်ဘူးတဲ့၊ ခန္ဓာထဲမှာ အောင်းနေတဲ့ အစေးတွေ၊ အနုသယသဘောနဲ့ တော့ ၁၅၀၀–ကိလေသာ အစေးတွေရှိတယ်...။ (မှန်ပါ့)။

ဘယ်လောက်ရှိသလဲ...။ (၁၅၀၀–ကိလေသာအစေး တွေ ရှိပါတယ်ဘုရား)၊ နည်းတဲ့အစေးတွေလား၊ အောင်း နေတာ...။ (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ နည်းကြသလား...။ (မနည်းပါ ဘုရား)။

မနည်းပါဘူးတဲ့၊ ၁၅၀၀–တောင် အစေးတွေ အောင်း နေတာ၊ အပင်နဲ့စာလို့ရှိရင် သူက များနေတယ်...။ (မှန်ပါ့)၊ မများဘူးလား...။ (များပါတယ်ဘုရား)။

အပင်နဲ့အစေးနဲ့ ဘယ်သူက များနေသလဲ...။ (အစေး က များနေပါတယ်ဘုရား)။

အံမာလေး...ကြောက်စရာကြီးပါကလား၊ ဒီအစေးခန်း အောင် မနည်းလုပ်ရဦးမှာပါကလား၊ ဟင်...(မှန်ပါ့)။

ကဲ...ဒီလိုလုပ်ကြပါစို့၊ သို့သော်လဲ–တဲ့၊ ဒီထင်းပုံကြီး လှည်းအစီး တစ်ရာလောက် တိုက်တယ်နော်...။ (မှန်ပါ့)။

လှည်းအစီးတစ်ရာလောက် တိုက်ပြီးပုံထား၊ ဒီပြင် ပက်ထရိုမီးတွေ၊ အီလက်ထရစ်မီးတွေ ဒါတွေနဲ့ ရှို့လိုက် တော့ဖြင့် ကြာဦးမှာပဲ...။ (မှန်ပါ့)၊ ငရဲမီးကလေး ပိုးစုန်းကြူး လောက် ချလိုက် အကုန်ပြာကျတယ်...။ (မှန်ပါ့)၊ ချလိုက် သည်နဲ့ တစ်ပြိုင်နက်တည်း အကုန်ပြာကျတယ်...။ (မှန်ပါ့)၊ ငရဲမီးဟာ ဒီလောက်ပြင်းတယ်...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ဒီမှာလဲ မဂ်မီးနဲ့ ချလိုက်ရင် ၁၅၀၀–ကိလေသာဟာ သွားတာပဲ...။ (မှန်ပါ့)။

မဂ်မီးနဲ့ ချလိုက်ရင်...(၁၅၀၀–ကိလေသာ သွားပါ တယ် ဘုရား)။

**ခန္ဓာထဲမှာ မဂ်မီးသာ ထည့်ပေးပါ**

ဒီ ခန္ဓာထဲမှာ မဂ်မီးသာထည့်ပေး...။ (မှန်ပါ့)။

မောင်မြင့် ဘယ့်နှယ်ဆိုကြမလဲ...။ (မဂ်မီးသာ ထည့် ပေးရပါမယ်ဘုရား)။

ထည့်ပေးတော့ ဒီအထဲမှာ ၁၅၀၀–ကိလေသာအစေး တွေဟာ ဘယ့်နှယ်နေပါ့မလဲ...။ (ခန်းခြောက်သွားပါတယ် ဘုရား)။

တစ်ခါတည်း ခန်းခြောက်သွားမယ်ဆိုတော့ ခင်ဗျားတို့ကို အခု ဒါ...နည်းပေးတာပဲ...။ (မှန်ပါ)။

မင်းတို့ လုပ်နေတဲ့ ဖြစ်ပျက်သိတဲ့ မဂ်သည် ဒီအစေးခန်းအောင် လုပ်တယ်...။ (မှန်ပါ)၊ အစေး မီးရှို့တယ်...။ (မှန်ပါ)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ဖြစ်ပျက်ရှုတဲ့ မဂ်သည်...(အစေးခန်းအောင်လုပ်ပါတယ် ဘုရား)။

နောက်တော့ ဖြစ်ပျက်အဆုံးမြင်တဲ့ မဂ်ဆိုလို့ရှိရင် တစ်ခါတည်း ၄-ပုံ ၁-ပုံ ခန်းတာနဲ့ အကုန်ခန်းတာနဲ့ မလာဘူးလား...။ (လာပါတယ်ဘုရား)။

အဲဒီတော့ကို...တဲ့၊ မင်းတို့သည် မဂ်မှတစ်ပါး အစေးခန်းအောင် လုပ်တဲ့နည်း မရှိဘူး...။ (မှန်ပါ)။

ဒကာ ဒကာမတို့...(မဂ်မှတစ်ပါး အစေးခန်းအောင် လုပ်တဲ့နည်း မရှိပါဘုရား)၊ အစေးခန်းအောင် လုပ်တဲ့နည်း မရှိဘူးနော်...။ (မှန်ပါ)။

**မဂ်သည် ကိလေသာ သတ်တတ်တယ်**

ဒါဖြင့် ဖြစ်ပျက်ရှုတဲ့ မဂ်သည် အားကိုးစရာဆိုတာ မပေါ်သေးဘူးလား...။ (ပေါ်ပါပြီဘုရား)။

ဘာအားကိုးကြမယ်...။ (မဂ်အားကိုးရပါမယ်ဘုရား)။

မင်္ဂကတော့ကိုတဲ့ "ကိလေသ မာရေန္တော"လို့ ဆိုထားတယ်၊ ကိလေသာသတ်တယ်။

မဂ်ဆိုတာ ဘာ့ကြောင့် မဂ်တုံး...။ (ကိလေသာ သတ်တတ်သောကြောင့်ပါ ဘုရား)။

ကိလေသာ သတ်တတ်သောကြောင့်၊ မဂ်ဆိုတော့ ကိလေသာ ဖျောက်ဖျက်တတ်သောကြောင့် ဘယ့်နှယ်တုံး...။ (မဂ်ပါဘုရား)။

ဒါဖြင့် ဒီပြင် ဒါနနဲ့ သွားပြီး သူ့ကို လုပ်လို့လဲ မရဘူး...။ (မှန်ပါ့)၊ ကိလေသာကျတော့ သူက မနိုင်ဘူး...။ (မှန်ပါ့)၊ မနိုင်တဲ့အပြင် သူက ဟိုဘဝ, ဒီဘဝ တောင်းတယ်...။ (မှန်ပါ့)၊ ကိလေသာတောင်မှ စွာသွားလိုက်သေးတယ်...။ (မှန်ပါ့)၊ မစွာဘူးလား...။ (စွာသွားပါတယ်ဘုရား)။

အင်း...ဤကဲ့သို့ လှလှလှူရတဲ့အတွက် နောက်ဘဝ လှလှဖြစ်ရပါလို၏ဆိုတော့ ဒါနထဲ သူကနေ ခေါင်းဆောင်သွားလိုက်သေးတယ်...။ (မှန်ပါ့)။

ကိလေသာ မဆောင်ဘူးလား, ဆောင်သလား...။ (ဆောင်ပါတယ်ဘုရား)။

ကဲ...ဘယ်လောက်ဆိုးရွားသလဲ...။ (ဆိုးရွားပါတယ်ဘုရား)။

သူတို့လောက်တော့ မကြောက်ဘူးကွ...။ (မှန်ပါ့)၊

ကိလေသာက မောင်နိုင် ဒါနလောက်များတော့ မကြောက်ဘူး…။ (မှန်ပါ)၊ သီလလောက်ကော…(မကြောက်ပါဘုရား)၊ မကြောက်သေးဘူး၊ သမထလောက်များကျတော့ အို…ဒါဟာ ငါ့လက်အောက်က မထွက်သေးပါဘူးတဲ့၊ ငါ့နယ် ရှိသေးတာပဲတဲ့၊ အာသဝနယ်ဟာ သူ့နယ်ကိုး…။ (မှန်ပါ)၊ သဘောကျပလား…။ (ကျပါပြီ)၊ မဂ်ကျမှ သူ ကြောက်တယ်…။ (မှန်ပါ)။

မောင်မြင့် ဘာကျမှ သူ ကြောက်သလဲ…။ (မဂ်ကျမှ ကြောက်ပါတယ်ဘုရား)။

ဒါဖြင့် ၁၅၀၀–ကိလေသာမီးကို ဒကာ ဒကာမတို့ ကိလေသာတွေ ဘာနဲ့ ငြိမ်းသတုံးလို့ မေးလို့ရှိရင် မဂ်နဲ့ ငြိမ်းတယ်…။ (မှန်ပါ)၊သဘောကျပလား…။ (ကျပါပြီဘုရား)။

ဘာနဲ့ ငြိမ်းကြသလဲ…။ (မဂ်နဲ့ ငြိမ်းပါတယ်ဘုရား)။

မဂ်နဲ့ငြိမ်းမှ လိုရင်း ဆိုက်တော့မယ်…။ (မှန်ပါ)၊ ဒီပြင်ဖြင့် ခင်ဗျားတို့ အားကိုးရာကို ဘုန်းကြီး မပေးကို မပေးနိုင်ဘူး…။ (မှန်ပါ)။

နို့မဟုတ်ရင် ရောက်ရာ အစေးထွက်၊ အစေးနဲ့ သေ၊ သေပြီး နောက်ထပ် အပင်ပေါက်၊ နောက်ထပ် အပင်ပေါက် အခုတ်ခံပဲ၊ အခုတ်ခံ အစေးထွက်၊ အစေးသတ်လို့ သေတယ်၊

ဒါ…ပဋိစ္စသမုပ္ပါဒ်…။ (မှန်ပါ)၊ ရိပ်မိပလား…။ (ရိပ်မိပါပြီ)။

ဒါဖြင့် မောင်နိုင် ဘာလုပ်မလဲ…။ (မဂ်နဲ့သတ်ရပါမယ်)၊ မဂ်မီးနဲ့ ဒီအစေးခန်းအောင် လုပ်ရလိမ့်မယ်…။ (မှန်ပါ)။

ဒါ့ကြောင့် မင်းတို့ ကျောင်းလာ တရားအားထုတ်နေတာ ဘာကျေးဇူးရှိသတုံးလို့ သူများက မေးလို့ရှိရင်ဖြင့် ဒီအစေးဟာ ကိုယ်သတ်တဲ့ အစေး၊ နောင် အပင်ပေါက်စေတတ်တာ ဒီအစေးမျိုးတွေပဲ၊ ဒါ့ကြောင့် ဒီအစေးခန်းအောင် လုပ်နေတယ်ဆိုတဲ့ အဓိပ္ပါယ်မှတစ်ပါး ဘာမှမရှိဘူး…။ (မှန်ပါ)၊ ဒါ အကောင်းဆုံးပဲ…။ (မှန်ပါ)၊ ရှင်းကြပလား…။ (ရှင်းပါပြီ)။

**ဝိပဿနာမဂ် အရင်လုပ်ပါ**

ဒါဖြင့် ဒကာ ဒကာမတို့ အစေးခန်းအောင် ဘာလုပ်ကြမတုံး…။ (မဂ်လုပ်ရပါမယ်ဘုရား)၊ မဂ်လုပ်ရမယ်။

မဂ်လုပ်တော့ကို ဖျတ်ဆို လောကုတ္တရာမဂ်က ပေါ်လာတယ်…။ (မှန်ပါ)၊ ရှင်းပလား…။ (ရှင်းပါပြီ)။

ဖျတ်ဆို လောကုတ္တရာ မဂ်က ပေါ်လာသလား၊ ဝိပဿနာမဂ်နဲ့ အရင်လုပ်နေရသလား…။ (ဝိပဿနာမဂ်နဲ့ အရင်လုပ်နေရပါတယ်ဘုရား)။

ဝိပဿနာမဂ်နဲ့ အရင်လုပ်ပြီးတော့မှ ဝိပဿနာမဂ် ရင့်တော့မှ လောကုတ္တရာမဂ်က လာတာ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ကိုင်း...ဒါဖြင့် မင်းတို့ အခု လုပ်နေတဲ့ ဝိပဿနာမဂ်၊ တော်တော်ကလေး ကြာလာတဲ့အခါ၊ ဒီဝိပဿနာမဂ် ရင့်ကျက်လာတဲ့အခါ ဘာဖြစ်မယ် ထင်သတုံး...။ (လောကုတ္တရာမဂ် လာပါမယ်ဘုရား)။

**ဝိပဿနာမဂ်ရင့်မှ လောကုတ္တရာမဂ်က လာမည်**

လောကုတ္တရာ အရင် ဝိပဿနာမဂ်က သူက အစေးတော်တော်ခန်းအောင် လုပ်ထားပြီ...။ (မှန်ပါ့)၊ တော်တော်ခန်းအောင် လုပ်ထားတဲ့အခါကျတော့၊ သူလိုက်လာတဲ့ အခါကျတော့ အပြောင်တိုက်တယ်...။(မှန်ပါ့)၊ လောကုတ္တရာမဂ်လာတဲ့အခါ ပြောင်းသွားတာပဲ...။ (မှန်ပါ့)။

ဒါဖြင့် ဒီအပင်ကြီးသည် အစေးထွက်တဲ့အပင် ကျန်ရစ်နေတယ်...။ (မှန်ပါ့)၊ ဒါကြောင့် ရဟန္တာတွေကျတော့ အစေးမထွက်တဲ့အပင်...(မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ဘုရားတွေကျတော့...(အစေးမထွက်တဲ့အပင်ပါဘုရား)။

အစေးမထွက်တဲ့အပင် ဖြစ်ပြီးသကာလနေသောကြောင့် သူတို့မှာတော့ဖြင့် လောကဓံရှစ်ပါးနဲ့တွေ့ရင် တုန်လှုပ် ချောက်ချားမှု ဘယ်နှယ်နေသလဲ...။ (မရှိပါဘုရား)။

ဘာဖြစ်လို့လဲ…(အစေးခန်းခြောက်လို့ပါ)၊ အစေးခန်းခြောက်လို့…။ (မှန်ပါ့)။

## ဘယ့်နှယ်ကြောင့် အစေးခန်းခြောက်သလဲ

ဘယ့်နှယ်ကြောင့် သူတို့ ခန်းခြောက်သွားပါလိမ့်မတုံးမေးရင် ဘယ့်နှယ်ဖြေကြမလဲ…။ (မဂ်နဲ့သတ်လို့ပါ)၊ မဂ်နဲ့ခန်းခြောက်အောင် လုပ်ပြီးသား ဖြစ်နေတယ်…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီ)။

ဒါဖြင့် မင်းတို့ရှုနေတဲ့ဥစ္စာ စိတ်ရှုလဲ မဂ်ပေါ်မှာပဲ…။ (မှန်ပါ့)၊ ဝေဒနာရှုကော…(မဂ်ပေါ်မှာပဲ)၊ ကျေးဇူးရှိတယ်ဆိုတာတော့ သေချာပလား…။ (သေချာပါပြီ)။

ကိလေသာအစေးကတော့…(ခန်းပါတယ်ဘုရား)၊ ခန်းရမှာချည်းပဲ၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်လဲ…(ဖြစ်ပျက်မြင်ရင် ခန်းရမှာပါပဲ ဘုရား)။

## ဖြစ်ပျက်မြင်ရင် ခန်းပါတယ်

ဖြစ်ပျက်မြင်ရင် ခန်းတာပဲဆိုတော့ ဒီအစေးခန်းသွားလို့ရှိရင်ဖြင့် သောတာပန် ၄–ပိုင်း ၁–ပိုင်း ခန်းတာပဲ…။ (မှန်ပါ့)၊ သကဒါဂါမ်လဲ ထို့အတူပဲ၊ ၄–ပိုင်း ၁–ပိုင်းသာသာကလေးပဲ ခန်းတာပဲတဲ့၊အနာဂါမ်ကျလို့ရှိရင်ဖြင့် ထက်ဝက်ကုန်တယ်၊ ရဟန္တာကျလို့ရှိရင် အကုန်–ကုန်ပြီ…။ (မှန်ပါ့)။

ဒါ မင်္ဂလေးဆင့်နဲ့ မင်းတို့သည် ဖြစ်ပျက်ကို ရှုတဲ့ မဂ်ကိုသာ အားကိုး…။ (မှန်ပါ)၊ ဒီအားကိုးလို့ရှိရင် နောက် မဂ်လာလိမ့်မယ်၊ နောက်မဂ်လာလို့ရှိရင် အစေးတွေ ခန်းလိမ့် မယ်၊ အစေးလဲခန်းရော သောတာပန်ရင်လဲ ဆိုင်းဘုတ်ဆွဲ မယ်…။ (မှန်ပါ)၊ အစေး ၄–ပုံ ၁–ပုံခန်းရင် သောတာပန် ပဲ…။ (မှန်ပါ)၊ ၄–ပုံ ၁–ပုံသာသာလေးခန်းရင် သကဒါဂါမ် ပဲ၊ ထက်ဝက်လောက်ခန်းရင် အနာဂါမ်၊ အကုန်ခန်းရင် ရဟန္တာပဲ…။ (မှန်ပါ)၊ ရိပ်မိပလား…။ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အစေးခန်းတဲ့အလုပ်မှတစ်ပါး အားကိုးရာ ရှိသေးရဲ့လား…။ (မရှိပါဘုရား)၊ ဘယ်လိုဓားနဲ့ခုတ်ခုတ် အစေးထွက်သေးရဲ့လား…။ (မထွက်တော့ပါဘုရား)။

မထွက်တော့ အစေးတွေဟာ နောက်ထပ် ဒီအပင် သတ်စရာ ရှိသေးရဲ့လား…။ (မရှိပါဘုရား)၊ နောက် အပင်ပေါက်စရာ…(မရှိပါဘုရား)။

ဒါဖြင့် မဂ်ပဲ အားကိုးစရာရှိတယ်ဆိုတာ သေချာကြ ပလား…။ (သေချာပါပြီ)၊ ရှင်းပြီနော်…။ (ရှင်းပါပြီ)။

ကဲ…ယနေ့ ဒီတွင် တော်ကြဦးစို့…။

သာဓု…သာဓု…သာဓု…။